## ဇမ္မခန္ဓာ (၂၁) သတင်းတော်ဆောင်များ (အလ် အန်ဗီယာ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် ၇၃၊ သုတ်ဒေသနာ ၁၁၂ ပါး။

ဦးဖွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **اقْتَرَبَ لِلنَّاسِ حِسَابُهُمْ وَهُمْ فِي غَفْلَةٍ مَّعْرِضُونَ۞**<br>လူသားတို့အတွက် သူတို့၏ အချုပ်စာရင်းသည် နီး၍လာနေ၏။ သူတို့သည်ကား မေ့လျော့ ကျောခိုင်းနေကြ၏။ |
| ၂။ | **مَا يَأْتِيهِم مِّن ذِكْرٍ مَّن رَّبِّهِم مُّحْدَثٍ إِلَّا اسْتَمَعُوهُ وَهُمْ يَلْعَبُونَ۞**<br>သူ့တို့၏ ကံကြမ္မာရှင်ထံမှ သတိပေး တရားတော်သစ် ပေးရောက်လာလျှင်၊ သူတို့သည် ၎င်းကို ကစားစရာအဖြစ် ကြားနာကြ၏။ |
| ၃။ | **لَاهِيَةً قُلُوبُهُمْ وَأَسَرُّواْ النَّجْوَى الَّذِينَ ظَلَمُواْ هَلْ هَذَا إِلَّا بَشَرٌ مِّثْلُكُمْ أَفَتَأْتُونَ السِّحْرَ وَأَنتُمْ تُبْصِرُونَ۞**<br>သူတို့၏နှလုံးသားသည် အလေးအနက်မရှိချေ။ အမိုက်စီးသော သူတို့က “ဤသည် သင်တို့ ကဲ့သို့ လူသားစင်စစ်မျှသာ ဖြစ်၏။ သင်တို့မြင်နေလျှက်နှင့်ပင် သင်တို့အား မှော်အတတ်ကို ပေးအပ်နေ၏၊”ဟု  လျှို့ဝှက်တိုင်ပင်ကြ၏။ |
| ၄။ | **قَالَ رَبِّي يَعْلَمُ الْقَوْلَ فِي السَّمَاء وَالأَرْضِ وَهُوَ السَّمِيعُ الْعَلِيمُ۞**<br>သူက “ကျွန်ုပ်၏ ကံကြမ္မာရှင်သည် မိုးများနှင့် မြေအတွင်း ပြောဆိုသမျှကို သိနေတော်မူ၏။ အရှင်သည် ကြားနေသော အရှင် သိနေသော အရှင်ဖြစ်၏၊”ဟု ဟောကြားသော်– [၇၀၀] |
| ၅။ | **بَلْ قَالُواْ أَضْغَاثُ أَحْلاَمٍ بَلِ افْتَرَاهُ بَلْ هُوَ شَاعِرٌ فَلْيَأْتِنَا بِآيَةٍ كَمَا أُرْسِلَ الأَوَّلُونَ۞**<br>သူတို့က “အမှန်မှာ– မှုန်ဝါးဝါး အိပ်မက်မျှသာ ဖြစ်၏။ အမှန်မှာ ၎င်းကို သူ ဖန်တီး၏။ အမှန်မှာ သူသည် ကဗျာဆရာသာ ဖြစ်၏။ ရှေးက စေစားခံရသူများ ပမာ ကျွန်ုပ်တို့ထံသို့ နိမိတ်လက္ခဏာ တစ်ရပ် ပေးရောက်စေလော့၊”ဟု ဆိုကြ၏။ |
| ၆။ | **مَا آمَنَتْ قَبْلَهُم مِّن قَرْيَةٍ أَهْلَكْنَاهَا أَفَهُمْ يُؤْمِنُونَ۞**<br>ငါက တိမ်ကောပျက်စီးစေခြင်း မရှိမီ သူတို့အလျှင် မြို့ရွာသားတို့သည် ယုံကြည်ခဲ့သည် မဟုတ်ချေ။ သူတို့သည်ကော ယုံကြည်ဦးမည်လော။ |
| ၇။ | **وَمَا أَرْسَلْنَا قَبْلَكَ إِلاَّ رِجَالاً نُّوحِي إِلَيْهِمْ فَاسْأَلُواْ أَهْلَ الذِّكْرِ إِن كُنتُمْ لاَ تَعْلَمُونَ۞**<br>သင့်မတိုင်မီ အာရုံစျာန်ကိန်းဝပ်ပေး၍ စေစားခံရသူများမှာလည်း လူသားများမှလွဲ၍ အခြားမဟုတ်ချေ။ အကယ်၍ သင်မသိခဲ့လျှင် သတိပေးတရားတော် ဝိုင်းသားများကို မေးလော့။ |
| ၈။ | **وَمَا جَعَلْنَاهُمْ جَسَدًا لَّا يَأْكُلُونَ الطَّعَامَ وَمَا كَانُوا خَالِدِينَ۞** |

(၇၀၀) ဤသုတ်တော်က အာကာသအတွင်း အခြားဂြိုလ်များ၌ စကားပြောသော သတ္တဝါများ ရှိနေကြောင်းကို ပြောဆိုသော များစွာသော သုတ်တော်များ အနက်မှ သုတ်တော်တစ်ပါး ဖြစ်ပေသည်။

| | |
|---|---|
| | ငါသည် သူတို့အား အစာအဟာရ စားသုံးရန် မလိုသော ခန္ဓာကိုယ်၊ ကာလမဲ့ နေထိုင်ရခြင်းကို စီမံမပေးချေ။[၇၀၁] |
| ၉။ | **ثُمَّ صَدَقْنَاهُمُ الْوَعْدَ فَأَنجَيْنَاهُمْ وَمَن نَّشَاء وَأَهْلَكْنَا الْمُسْرِفِينَ۞**<br>ငါသည် သူတို့အပေါ်၌ ကတိတော်ကို ဖြောင့်မှန်စေ၏။ ငါ၏ စံချိန်ပြည့်သူများကို ငါကယ်နှုတ်တော်မူ၍၊ အလွဲသုံးစား ပြုသူများကို တိမ်ကောစေတော်မူ၏။ |
| ၁၀။ | **لَقَدْ أَنزَلْنَا إِلَيْكُمْ كِتَابًا فِيهِ ذِكْرُكُمْ أَفَلَا تَعْقِلُونَ۞**<br>မုချပင် ငါသည် သင်တို့အတွက် သတိပေးခြင်းပါသော ကျမ်းတော်ကို သင်တို့အား ချမှတ်ပေးပြီ။ အတွေးအခေါ် မရှိကြသလော။ |
| ၁၁။ | **وَكَمْ قَصَمْنَا مِن قَرْيَةٍ كَانَتْ ظَالِمَةً وَأَنشَأْنَا بَعْدَهَا قَوْمًا آخَرِينَ۞**<br>အမိုက်စီးနေသော မြို့ရွာသား မည်မျှကို ပါယ်ဖျက်လိုက်၍ ၎င်းနောက်၊ နောက်လူမျိုးများကို ငါ ပေါ်ပေါက်စေခဲ့ပြီနည်း။ |
| ၁၂။ | **فَلَمَّا أَحَسُّوا بَأْسَنَا إِذَا هُم مِّنْهَا يَرْكُضُونَ۞**<br>သူတို့သည် ငါ၏ အင်အားတော်အား ခံစားရသောအခါ၊ ထိုမှ ထွက်ပြေးကြသည်ကို ကြည့်ကြလော့။ |
| ၁၃။ | **لَا تَرْكُضُوا وَارْجِعُوا إِلَى مَا أُتْرِفْتُمْ فِيهِ وَمَسَاكِنِكُمْ لَعَلَّكُمْ تُسْأَلُونَ۞**<br>ထွက်မပြေးကြလင့်၊ သင်တို့အား စစ်ဆေးရန်အလို့ငှာ သင်တို့ ဦးတည်ခဲ့သော ချောမွေ့သည့်ဘဝ၊ အိုးအိမ်များသို့ ပြန်ခဲ့ကြလော့။ |
| ၁၄။ | **قَالُوا يَا وَيْلَنَا إِنَّا كُنَّا ظَالِمِينَ۞**<br>သူတို့က "ကျွန်ုပ်တို့ ပျက်စီးရလေပြီ၊ ကျွန်ုပ်တို့သည် အမိုက်ကောင်များ ဖြစ်ခဲ့ချေ၏၊"ဟု ညည်းညူ၏။ |
| ၁၅။ | **فَمَا زَالَت تِّلْكَ دَعْوَاهُمْ حَتَّى جَعَلْنَاهُمْ حَصِيدًا خَامِدِينَ۞**<br>ငါသည် သူတို့အား အဆုံးသတ် ဖျက်ပါယ်ရန် စီမံပြီးသည့်တိုင် သူတို့၏ အော်ကြွေးခြင်းကို ရပ်စဲစေမည် မဟုတ်ချေ။ |
| ၁၆။ | **وَمَا خَلَقْنَا السَّمَاء وَالْأَرْضَ وَمَا بَيْنَهُمَا لَاعِبِينَ۞**<br>ငါသည် မိုးများ၊ မြေကမ္ဘာနှင့် ထိုနှစ်ခုကြားအရာများကို ကစားစရာ အဖြစ် ဖြစ်တည်စေသည် မဟုတ်။ |
| ၁၇။ | **لَوْ أَرَدْنَا أَن نَّتَّخِذَ لَهْوًا لَّاتَّخَذْنَاهُ مِن لَّدُنَّا إِن كُنَّا فَاعِلِينَ۞**<br>ငါသည် အပန်းဖြေခြင်းကို ရယူတော် မူလိုသော်၊ ငါ ပြုလုပ်လိုလျှင် ၎င်းကို ငါ၏ အပါးတော်၌ ရယူခဲ့ပြီးလတ္တံ့။[၇၀၂] |
| ၁၈။<br>မိစ္ဆာ | **بَلْ نَقْذِفُ بِالْحَقِّ عَلَى الْبَاطِلِ فَيَدْمَغُهُ فَإِذَا هُوَ زَاهِقٌ وَلَكُمُ الْوَيْلُ مِمَّا تَصِفُونَ۞** |

(၇၀၁) ရှေးဒဏ္ဍာရီပုံပြင်များက သွန်သင်သကဲ့သို့ အစ္စလာမ်သာသနာ၌ အရှင်ထွက် ထွက်နိုင်စွမ်းရှိသည်ဟု သွန်သင်ထားခြင်း မရှိချေ။ လူတစ်ဦးသည် ထင်သာမြင်သာသော လူ့အသိုင်းအဝိုင်းမှ ရှောင်ကြဉ်သွားသော်လည်း ထိုအသိုင်းအဝိုင်းနှင့် သတင်းအဆက်အသွယ် ပြတ်သော နေရာတွင် လူ့ သက်တမ်း၏ နိယာမ အလျောက် သေဆုံးသွားရမည်ပင်။ သမ္မာကျမ်း၌ ဖော်ပြသော နေ့ာက် (အီဒရီးဆ်)၊ ယေရှု (အီဆာ)၊ အချို့ အစ္စလာမ်များ ယုံကြည်နေသော အေမန်မဟ်ဒီ၊ ဆန့်ကျင်ဘက် အင်အားစု၏ မျက်မှောက်မှ ပျောက်ကွယ်သွားသော ဂျာမဏီမှ ဟစ်တလာ စသော ပုဂ္ဂိုလ်များသည် သူ့သက်တမ်းစေ့လျှင် သေဆုံးသွားခဲ့ရသည်ပင်၊ မည်သူမှ ကာလမဲ့ (Out of Time and Space) နေထိုင်ခွင့်ကို မရပေ။ အလားတူ ကျွန်ုပ်တို့ မြန်မာများမှ အချို့ယုံကြည်နေသော အရှင်ထွက် ထွက်သွားသည် ဆိုသော ပုဂ္ဂိုလ်များမှာလည်း အလားတူပင် ဖြစ်ပေသည်။

(၇၀၂) ဤဝါကျသည် **လောင်းဝ် لَوْ** နှင့် အစပြု ငြင်းဆိုထားသော ဝါကျဖြစ်၍– လုံးဝ မပြုလုပ်ခဲ့၊ လုံးဝ မဖြစ်စေခဲ့ ဆိုသည်ကို ရေးထားသော ဝါကျဖြစ်ပေသည်။ ဤသုတ်တော်မှ အပန်းဖြေခြင်း ဟု ဘာသာပြန်သည့် **လာဟ်ဝါ لَهْوًا** ဆိုသည်မှာ ကစားခုန်စား ပျော်ရွှင်မြူးထူးခြင်း ဟု အနက်ရပြီး ဇနီး သားသမီးကို ရည်ညွှန်းပေသည်။ တနည်းအားဖြင့် ပရမတ်ဘုရားရှင်၌ သားတော်ရှိသည်ဟူသည် အယူ၊ ဘုရားသားတော်ဟု ခံယူသော ဝါဒများကို ပါယ်ဖျက်ပေသည်။

| | |
|---|---|
| တရား | အမှန်မှာ ငါသည် မိစ္ဆာတရားကို ဦးဈောက်ကွဲစေခြင်းငှာ သစ္စာတရားကို ဝန်ပေး၏။ **ငင်း**သည် မှေးမှိန်ပျောက်ကွယ်သော၍၊ အမာခံရပ်တည်ခဲ့မှုကြောင့် သင်တို့ ပျက်စီးရလေပြီ။ |
| ၁၉။ | **وَلَهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ وَمَنْ عِندَهُ لَا يَسْتَكْبِرُونَ عَنْ عِبَادَتِهِ وَلَا يَسْتَحْسِرُونَ۝**<br>မိုးများနှင့် မြေအတွင်း ရှိသမျှသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင့် အပါး ရှိသူများသည် အရှင့်အား အမှုတော်ဆောင်ရန် မာနကြီးလွန်းနေသည် မဟုတ်ချေ။ ယိမ်းယိုင်နွမ်းလျှနေသည်လည်း မဟုတ်ချေ။[၇၀၃] |
| ၂၀။ | **يُسَبِّحُونَ اللَّيْلَ وَالنَّهَارَ لَا يَفْتُرُونَ۝**<br>သူတို့သည် နေ့၊ ည မဟူ ဆိတ်ငြိမ်ခြင်းမရှိ အတုမဲ့ဂုဏ်တော်အား ရင့်ကျူးနေကြ၏။ |
| ၂၁။ | **أَمِ اتَّخَذُوا آلِهَةً مِّنَ الْأَرْضِ هُمْ يُنشِرُونَ۝**<br>သို့မဟုတ် သူတို့အား နိုးကြွရှင်ပြန်စေနိုင်သော ဘုရား မြေကမ္ဘာ၌ ရှိသည်ဟု အယူထားနေကြသလော။ |
| ၂၂။<br>☆<br>၁၀း၃ | **لَوْ كَانَ فِيهِمَا آلِهَةٌ إِلَّا اللَّهُ لَفَسَدَتَا فَسُبْحَانَ اللَّهِ رَبِّ الْعَرْشِ عَمَّا يَصِفُونَ۝**<br>ပရမတ်ဘုရားရှင်မှ အပ အခြားဘုရား ၎င်းတို့အထဲ၌ ရှိခဲ့လျှင်၊ ၎င်းတို့သည် အနှောင့်အယှက် ဖြစ်ရလတ္တံ့၊ သို့ဖြစ်၍ သူတို့၏ အမာခံရပ်တည်ခြင်းကို ထပ်ဆင့်ကွပ်ကဲသော☆ ကံကြမ္မာရှင်၊ ပရမတ်ဘုရားရှင်အား ဦးထိပ်ထားလော့။[၇၀၄] |
| ၂၃။ | **لَا يُسْأَلُ عَمَّا يَفْعَلُ وَهُمْ يُسْأَلُونَ۝**<br>အရှင်၏ ပြုလုပ်မှုအတွက် အရှင့်အား မေးမြန်းနိုင်မည် မဟုတ်၊ သူတို့သည်သာ မေးမြန်းခံရလိမ့်မည်။[၇၀၅] |
| ၂၄။ | **أَمِ اتَّخَذُوا مِن دُونِهِ آلِهَةً قُلْ هَاتُوا بُرْهَانَكُمْ هَذَا ذِكْرُ مَن مَّعِيَ وَذِكْرُ مَن قَبْلِي بَلْ أَكْثَرُهُمْ لَا يَعْلَمُونَ الْحَقَّ فَهُم مُّعْرِضُونَ۝**<br>သို့မဟုတ် အရှင်နှင့် တုပြိုင်၍ အခြားဘုရားများရှိသည်ဟု အယူထားကြကုန်သလော။ ဟောလော့ "သင်တို့၏ အထောက်အားကို ယူလာကြလော့။ ဤသည် ကျွန်ုပ်နှင့်အတူ ရှိသူတို့အတွက် သတိပေးတရားတော်၊ ကျွန်ုပ်မတိုင်မီ သူတို့အတွက် သတိပေးတရားတော် ဖြစ်၏၊ အမှန်မှာ သူတို့မှ အများစုသည် သစ္စာတရားကို မသိကြ၊ ထို့ကြောင့် |

(၇၀၃) ဤသုတ်တော်မှ အရှင် အပါးရှိသူများ ဆိုသည်ကို အချို့သော ဆရာတော်များက အရှင့် အပါးတော်၌ ရှိသော ကောင်းကင်တမန်တော် (နတ်ဒေဝတာ) များဟု ပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုရန် လုံးဝ မသင့်လျော်ပေ၊ ဤသုတ်တော်၌ ထိုသို့ ကောင်းကင်တမန်တော် (နတ်ဒေဝတာ) ဟု ပြန်ဆိုနိုင်ရန် မလာအိကာဟ် ဟူသော စာလုံး လုံးဝ မပါဝင်ပေ။ ထို့အပြင် ထိုသို့ ပြန်ဆိုခြင်းဖြင့် အရှင့်ထံ၌ နတ်ဒေဝတာ အပေါင်း ခြံရံလျက်ခစား နေသည်ဟုလည်း အဓိပ္ပါယ်ကို သက်ရောက်သွားပေသည်။ အစ္စလာမ်တို့ ခံစားယုံကြည်သော ပရမတ်ဘုရားရှင် (အလ္လာဟ်)သည် နတ်ဒေဝတာများ ခြံရံခစားနေသော အခွေအရံ အပေါင်းနှင့် စိုးစံနေသည့် နတ်ဘုရာကြီး မဟုတ်ချေ။ ပရမတ်ဘုရားရှင် အလ္လာဟ်အား လူသား၏ အသိဖြင့် မည်သို့မှ ပုံဖော်ယူ၍၊ စဉ်းစားဉာဏ်ဖြင့် ခြုံငုံသုံးသပ်၍ မရသော အသင်္ခတ ပရမတ်အရှင် ဖြစ်တော်မူပေသည်။ ထို့ကြောင့် ဤသုတ်တော်မှ အရှင့် အပါး ရှိသူများ ဆိုသည်မှာ ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းထားသော လောကနိယာမ၊ သစ္စာတရား၌ အစဉ် တစ်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက် နေသူများကို ဆိုလိုပေသည်။ ၎င်းကို အောက်ဖော်ပြပါ သုတ်တော် ၂၀ ၌ "သူတို့သည် ည၊ နေ့ မဟူ ဆိငြိမ်ခြင်းမရှိ အတုမဲ့ ဂုဏ်တော်အား ရင့်ကျူး နေကြ၏၊" ဟူသည်က ထောက်ပြနေပေသည်။ အရှင့်ထံပါးတွင် နေ့ နှင့် ည ဟု မရှိပေ။ ထို့ကြောင့် ဤသုတ်တော်မှ ပြောသော အရှင့် အပါး ရှိသူများ ဆိုသည်မှာ လောကမှ လူသား သစ္စာရှင် များကိုသာ အတိအကျ ဆိုလိုခြင်း ဖြစ်ပေသည်။

(၇၀၄) သူတို့က အမာခံရပ်တည်နေသော ဘုရားဆိုသည်မှာ ပရမတ်ဘုရားရှင် အလ္လာဟ်က ဉာဏ်စဉ်ချီးမြှင့်ထားသော လူသား သို့မဟုတ်၊ ထိုလူသားအား ထပ်ဆင့် ပုံစံတူ ပြုလုပ်ထားသော ရုပ်ပွားများ၊ လောကမှ ဖြစ်တည်ခံ တော၊ တောင်၊ အပင်၊ စေတီပုတိုးများသာ ဖြစ်ကြောင်းကို ဤသုတ်တော်က– အတိအကျ ထောက်ပြသွန်သင်ပေသည်။ ထိုသို့ အယူထားသူများသည် ပရမတ်ဘုရားရှင် ချမှတ်သော ဥပဒေသကို လိုက်နာရမည်လော၊ သို့မဟုတ် ထိုဉာဏ်စဉ်ရလူသား၏ အမည်နာမကို အလွဲသုံးစားလုပ်၍ နောက်ပေါက်ဆရာတော်များ၏ ဥပဒေများကို လိုက်နာရမည်လော၊ စသည့် ဥပဒေအများကြား– ဟိုမလိုက်နိုင် သည်မလိုက်နိုင် ဖရိုဖရဲ အနှောင့် အယှက်ဖြစ်ရလိမ့်မည်ဟုလည်း သတိပေါ်ထားပေသည်။

(၇၀၅) လောကအပေါင်းအား ဖြစ်တည်စေမှု၌ အရှင့်၏ ပြုလုပ်စီမံပြဋ္ဌာန်းမှုသည် တိကျကုံလုံပြည့်စုံပြီး ချို့ယွင်းချက် လုံးဝ မရှိခြင်းကြောင့် အရှင်၏ စီမံမှုအတွက် မည်သူကမှ စောဒက မတက်နိုင်ကြောင်း၊ ထိုလူသားတို့ ထင်မှတ်နေသော ဘုရားများနှင့် သူတို့၏ နောက်လိုက် ဒကာများသည်သာ ယုတ္တိမဲ့စွာ မိမိ၏ အတွေးအခေါ်အား ပုံအပ်မှု၊ ရောင်းစားမှုအတွက် စစ်ကြောခံရလိမ့်မည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | သူတို့ လှည့်ပြေးကြကုန်၏။” |
| ၂၅။<br>☆<br>၉း၃၃ | **وَمَا أَرْسَلْنَا مِن قَبْلِكَ مِن رَّسُولٍ إِلَّا نُوحِي إِلَيْهِ أَنَّهُ لَا إِلَهَ إِلَّا أَنَا فَاعْبُدُونِ۞**<br>သင့်မတိုင်မီ ဥဒေါ်စဉ်ဆောင်များအား သူ့ထံ၌ “ကေန်ပင် ငါ အရှင်မှလွဲ၍ အခြား ဘုရားဟူ၍မရှိ၊ သို့ဖြစ်၍ ငါ့အား ကိုးကွယ်ကြကုန်လော့၊”ဟု အာရုံစျာန်မကိန်းဝပ်စေဘဲ စေစားသည်☆ မဟုတ်ချေ။ |
| ၂၆။<br>ပြင်းဆန်<br>သူတို့<br>☆ ၉း၃၀ | **وَقَالُوا اتَّخَذَ الرَّحْمَنُ وَلَدًا سُبْحَانَهُ بَلْ عِبَادٌ مُّكْرَمُونَ۞**<br>**သူတို့**က “ကရုဏာရှင်၌ သားတော် ယူထား၏၊”ဟု ဆိုကြ၏။ အရှင်သည် အတုမဲ့ ဖြစ်၏။ အမှန်မှာ ၎င်းတို့သည် ကျက်သရေရှိသော အရှင့် အမှုတော်ဆောင်များ ဖြစ်ကြ၏။☆ |
| ၂၇။ | **لَا يَسْبِقُونَهُ بِالْقَوْلِ وَهُم بِأَمْرِهِ يَعْمَلُونَ۞**<br>အရှင့် ဓမ္မတော်မဟုတ်ဘဲ သူတို့ မဟောပြောကြ၊ အရှင့် မိန့်ညွှန်ချက် မရှိဘဲလျှက်လည်း မကျင့်ကြံကြချေ။ |
| ၂၈။<br>☆<br>၂း၅၅ | **يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يَشْفَعُونَ إِلَّا لِمَنِ ارْتَضَى وَهُم مِّنْ خَشْيَتِهِ مُشْفِقُونَ۞**<br>အရှင်သည် သူတို့၏ ပစ္စုပ္ပန်နှင့် အတိတ်၏ ကြားကို သိနေတော်မူ၏၊ အရှင်၏ ကျေနပ်လက်ခံမှု မရှိသူတို့အတွက် အမျှဝေပေးခြင်းကိုလည်း☆ မတတ်နိုင်ကြချေ။ သူတို့သည် အရှင့်အား ကြောက်ရွံ့ တုန်လှုပ်သူများ ဖြစ်ကြ၏။ |
| ၂၉။ | **وَمَن يَقُلْ مِنْهُمْ إِنِّي إِلَهٌ مِّن دُونِهِ فَذَلِكَ نَجْزِيهِ جَهَنَّمَ كَذَلِكَ نَجْزِي الظَّالِمِينَ۞**<br>သူတို့အနက်မှ “အရှင်နှင့် ဂုဏ်ပြိုင်လျှက် ကျွန်ုပ်သည် ဘုရား ဖြစ်၏၊”ဟု ဆိုသူ ရှိခဲ့မူ၊ ဤအတွက် သူ့အား ငရဲဘုံကို အကျိုးရလဒ် ဖြစ်စေလတ္တံ့၊ ဤသည် အဓိဇ္ဇာကောင်တို့အတွက် အကျိုးရလဒ် ဖြစ်၏။ |
| ၃၀။ | **أَوَلَمْ يَرَ الَّذِينَ كَفَرُوا أَنَّ السَّمَاوَاتِ وَالْأَرْضَ كَانَتَا رَتْقًا فَفَتَقْنَاهُمَا وَجَعَلْنَا مِنَ الْمَاء كُلَّ شَيْءٍ حَيٍّ أَفَلَا يُؤْمِنُونَ۞**<br>မိုးများနှင့် မြေကမ္ဘာသည် ကပ်ငြိလျှက် ဖြစ်ခဲ့၍၊ သို့ပြီးမှ ၎င်းတို့ကို ဟကွဲကင်းကွာစေခဲ့သည်ကို[၇၀၆] ဖုံးကွယ်သော သူများသည် မမြင်တတ်ကြသလော၊ ငါသည် သက်ရှိကို ရေမှ စီမံပြုလုပ်ခဲ့၏၊[၇၀၇] ယုံကြည်နိုင်ခြင်း မရှိကြသလော။ |
| ၃၁။<br>☆<br>၁၆း၁၅ | **وَجَعَلْنَا فِي الْأَرْضِ رَوَاسِيَ أَن تَمِيدَ بِهِمْ وَجَعَلْنَا فِيهَا فِجَاجًا سُبُلًا لَعَلَّهُمْ يَهْتَدُونَ۞**<br>ငါသည် မြေကမ္ဘာ၌ ၎င်းကို ပြတ်ရွေ့ခြင်း မရှိစေရန် သပ်မှို့များကို စီမံတော်မူ၏၊☆ သူတို့လမ်းညွှန်ရအံ့ငှာ ၎င်း၌ ရှည်ဝေးသော လမ်းကြောင်းများကိုလည်း စီမံပေးတော်မူ၏။ |
| ၃၂။ | **وَجَعَلْنَا السَّمَاء سَقْفًا مَّحْفُوظًا وَهُمْ عَنْ آيَاتِهَا مُعْرِضُونَ۞**<br>ငါသည် မိုးကောင်းကင်ကိုလည်း ထိန်းသိမ်းထားသော မျက်နှာကျက် အဖြစ် စီမံထားတော်မူ၏၊ သို့သော် ထိုသက်သေလက္ခဏာများကို နောက်လှည့်နေကြကုန်၏။[၇၀၈] |

**(၇၀၆)** ကျမ်းမြတ်ကုရ်အံသည် သိပ္ပံပညာနောက်သို့ လိုက်နေသော တပည့်ခံ ကျမ်းတော် မဟုတ်ချေ၊ ယနေ့ သိပ္ပံပညာဟု ခေါ်အပ်သော ခေတ်သစ် လူသားတို့အား အသိပညာပွားများစေသည့် ပညာရပ်သည် ကျမ်းမြတ်ကုရ်အံနောက်သို့ လိုက်နေရသော ပညာရပ် ဖြစ်ပေသည်။ တနည်းအားဖြင့် ကျမ်းမြတ်ကုရ်အံပါ အဆိုအမိန့်များမှာ မှန်ကန်ကြောင်းကို ဖေါ်ထုတ်သက်သေခံနေခြင်း ဖြစ်ပေသည်။ သိပ္ပံပညာရှင်များက ***The Big Bang Theory*** “မူလတစ်ခုတည်းမှ ဆင့်ကဲပေါက်ကွဲ ကျယ်ပြန့်နေသော နိယာမ”အား၊ ကျမ်းတော်က ဤသုတ်တော်နှင့် ၅၁း ၄၇ တွင် အတိအကျ ဖေါ်ပြထားပေသည် ဆက်လက် ဖေါ်ပြပါ သုတ်တော်များဖြစ်သည့် ၃၁၊ ၃၂၊ ၃၃ များက။ မြေကမ္ဘာနှင့် အာကာသအား ထိန်းညှိထားသည့် နိယာမကို ပြေဆိုထားပေသည်။

**(၇၀၇)** မံသမျက်စိဖြင့် မြင်နိုင်သော သက်ရှိ၊ မမြင်နိုင်သော သက်ရှိ သတ္တဝါအားလုံးသည် ရေ မှဖြစ်တည်လာခြင်း ဖြစ်ကြောင်းကို သိပ္ပံပညာရှင်များက သက်သေခံ မတင်ပြနိုင်မီ နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ကျမ်းတော်က သက်ရှိ ဖြစ်တည်လာသည့် နိယာမကို ဖေါ်ပြပြီး ဖြစ်ပေသည်။

| | |
|---|---|
| ၃၃။ | وَهُوَ الَّذِي خَلَقَ اللَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ كُلٌّ فِي فَلَكٍ يَسْبَحُونَ۝<br>အရှင်သည် ည၊ နေ့၊ နေ၊ လ တို့ကို ဖြစ်တည်စေ၍၊ ၎င်းတို့ကို ကိုယ်စီ ဂြိုလ်ပတ်လမ်းပေါ်၌ စီးမျောနေစေ၏။[၇၀၉] |
| ၃၄။<br>☆ ၂၂း၈ | وَمَا جَعَلْنَا لِبَشَرٍ مِّن قَبْلِكَ الْخُلْدَ أَفَإِن مِّتَّ فَهُمُ الْخَالِدُونَ۝<br>သင်မတိုင်မီ မည်သည့် လူသားကိုမှ ကာလမဲ့သက်တမ်းကို ငါ မစီမံပေးခဲ့ချေ။ သင်သည်လည်း ခန္ဓာဝန်ချရမည်သာ၊ သို့ဖြစ်လျှင် သူတို့အတွက် ကာလမဲ့အသက် ရလိမ့်မည်လော။☆ |
| ၃၅။ | كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ وَنَبْلُوكُم بِالشَّرِّ وَالْخَيْرِ فِتْنَةً وَإِلَيْنَا تُرْجَعُونَ۝<br>ဉာဉ်စရိုက်တိုင်းသည် သေခြင်းတရားကို မြည်းစမ်းရမည် သာတည်း။ ငါသည် သင်တို့အား ဆိုးခြင်း ကောင်းခြင်းများဖြင့် ကြပ်တည်းစွာ စုံစမ်းတော်မူ၏၊ ငါထံတော်သို့သာ ဦးလှည့်ပြန်ရမည် ဖြစ်၏။ |
| ၃၆။ | وَإِذَا رَآكَ الَّذِينَ كَفَرُوا إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَذَا الَّذِي يَذْكُرُ آلِهَتَكُمْ وَهُم بِذِكْرِ الرَّحْمَنِ هُمْ كَافِرُونَ۝<br>ဖုံးကွယ်သော သူများက သင့်အား မြင်တွေ့သောအခါ၊ "သင်တို့၏ ဘုရားများအကြောင်း သတိဖော် ပြောဆိုသူမှာ ဤသူ မဟုတ်လော၊"ဟု သင့်အား လှောင်ပြောင်စရာဟုသာ ယူမှတ်ကြ၍၊ ကရုဏာတော် အရှင်၏ သတိပေးတရားတော်အား ဖုံးကွယ်ပစ်ကြ၏။ |
| ၃၇။ | خُلِقَ الْإِنسَانُ مِنْ عَجَلٍ سَأُرِيكُمْ آيَاتِي فَلَا تَسْتَعْجِلُونِ۝<br>လူသားအား စိတ်စောသောသဘာဝထဲမှ ဖြစ်တည်စေ၏။ သင်တို့အား ငါ၏ သုတ်ဒေသနာများကို ပြသတော်မူမည်၊ စိတ်ဆန္ဒမစောကြကုန်လင့်။[၇၁၀] |
| ၃၈။ | وَيَقُولُونَ مَتَى هَذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ۝ |

(၇၀၈) ဤသုတ်တော်မှ **ထိန်သိမ်းစောင့်ရှောက်ထားသော ကောင်းကင် မျက်နှာကျက်** ဆိုသည်မှာ ရုပ်ပိုင်း နာမ်ပိုင်း နှစ်ခုလုံးကို ကိုယ်စားပြု တင်ပြပေသည်။ ကုရ်အံအရ ကျွန်ုပ်တို့ နေထိုင်သော ကမ္ဘာဂြိုလ်သည် သက်ရှိသက်မဲ့ သတ္တဝါအပေါင်းကို သယ်ဆောင်ရွေ့လျားနေသော အာကာသတွင်းမှ ဂြိုလ်တုကြီး တစ်ခုသာ ဖြစ်ပေသည်။ ၎င်းကို သုတ်တော် ၃၃ တွင် အတိအကျ ပြောဆိုထားပေသည်။ ထိုသို့ ကြယ် လ နေ နက္ခတ်တာရာ ကမ္ဘာအပေါင်း သွားလာလှုပ်ရှား ကျက်စားနေသော အာကာသကြီးအား ထိန်းသိမ်းစောင့်ရှောက်ထားသော နိယာမ မရှိဘဲ ပရမ်းပတာ စည်းမဲ့ကမ်းမဲ့ တည်ရှိနေသည်ဟု ယခုခေတ်တွင် ပညာအရာ၌ အလွန်နုံအသူတို့သာ လက်ခံပေတော့သည်။ ကျမ်းမြတ်ကုရ်အံက စကြာဝဠာ အပေါင်း မှီတည်နေမှုသည် အလွန်တိကျသော နိယာမ ပေါ်၌ ရှိ၏ ဟု လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် အတိအကျ အခိုင်အမာ ပြောဆိုပြီး ဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာအားဖြင့် ကောင်းကင်ဆိုသည်မှာ မြင့်မြတ်သော အနေအထားကို ကိုယ်စားပြုတင်ပြသော စကားလုံးဖြစ်၍၊ ဤကုရ်အံ ကျမ်းတော်သည် လူသားတို့ စိတ်ထင်ရာ ကြံဆ ရေးသားထားသော ဥပဒေ မဟုတ်၊ ပရမတ်ဘုရားရှင်က အရှင်ပြဋ္ဌာန်းထားသော ဥပဒေများကို မြင့်မြတ်သော ဉာဏ်စဉ်အားဖြင့် ကိန်းဝပ်အသိပေး ချမှတ်ပေးသော ကျမ်းတော်ဖြစ်ကြောင်း။ ထိုကျမ်းတော်အား လူသားပညာရှင် အတွင်းရန်၊ အပြင်ရန်များမှ ကာကွယ်စောင့်ရှောက်ထားခြင်း ဖြစ်ကြောင်းကို ကတိတော်ထားခြင်း ဖြစ်ပေသည်။ ထိုကတိတော်မှာ လွန်စွာမှန်ကန်သော ပရမတ္ထ ကတိသစ္စာ ဖြစ်ကြောင်း နှစ်ပေါင်း ၁၅၀၀ ကျော်ထိ တစ်လုံး တစ်ပါဒ အရောအယှက်မရှိ တည်နေခဲ့သော ကျမ်းတော်က သက်သေတစ်ရပ်ပင်။ ကမ္ဘာရှိ ဘာသာရေးကျမ်းစာများတွင် လုံးဝ အရောအယှက် မရှိသော ကျမ်းစာမှာ ကုရ်အံတစ်အုပ်တည်းသာလျှင် ဖြစ်ကြောင်း မည်သူမျှ မငြင်းဆိုနိုင်ပေ။

(၇၀၉) နေ လ နက္ခတ်တာရာတို့သည် ကိုယ်ပိုင်လမ်းကြောင်းပေါ်၌ လှည့်ပတ်နေရသည် ဆိုသော သိပ္ပံပညာရှင်၏ သက်သေခံချက်မှာ ကျမ်းမြတ်ကုရ်အံက လောကဓမ္မ၏ သီအိုရီကို ဖေါ်ပြထားသည်ထက် နှစ်ပေါင်း ၁၄၀၀ နောက်ကျပေသည်။ ထိုသက်သေခံသော ပညာရှင်တို့၏ ပညာဂုဏ်ကိုလည်း ၃း၇ တွင် ပညာရှိစစ်စစ်များက "၎င်းတို့ (ကျမ်းတော်မှ သုတ်ဒေသနာ) အားလုံးသည် ကံကြမ္မာရှင်၏ ထံမှ ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ အလုံးစုံကို ယုံကြည်ပါ၏၊"ဟု မှတ်တမ်းတင်ပေးထားပေသည်။ ကျမ်းတော်သည် လောကဓမ္မ နိယာမ အမှန်ကို သိရှိသက်သေပြုသော မည်သည့် ပညာရှင် ကိုမဆို စော်ကားရန်၊ ပြစ်မှားရန် သွန်သင်ခြင်း မရှိချေ။

(၇၁၀) ကျမ်းမြတ်ကုရ်အံပါ ဖေါ်ပြပေးထားသော နိယာမ သီဝရီများသည် ခေတ်တိုင်းခေတ်တိုင်း အတွက် သစ်လွင်နေသော ရှေးဆောင် လမ်းပြ သီအိုရီများ ဖြစ်၍၊ ခေတ်ကာလ တိုးတက်ဖွံ့ဖြိုးလာသည်နှင့် အမျှနားလည် သဘောပေါက်မှု ကျယ်ပြန့်လာမည် ဖြစ်သည်။ ဤခေတ်တစ်ခေတ်တည်း အတွက် ခေတ်မှီနေခြင်း မဟုတ်ပေ။ သို့အတွက် နောင်မျိုးဆက်များ၏ ခေတ်၌ တွေ့ရှိနားလည်လာစေမည့် နိယာမ သုတ်ဒေသနာများကို ယခု လက်ငင်းနားလည်နိုင်ရန် ဆန္ဒစောနေ၍ မရချေ၊ နားလည်နိုင်စွမ်း ဦးနှောက်လက်ခံနိုင်ရည် ခေတ်၊ ကာလ၊ ဖွံ့ဖြိုးမှု အလျောက်သာ နားလည်လာရမည် ဖြစ်ကြောင်း ဤသုတ်တော်က ပြောဆိုထားပေသည်။

| | |
|---|---|
| | သူတို့က “သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ဤကတိသစ္စာသည် မည်သည့်အခါနည်း၊” ဟု ဆိုကြလိမ့်မည်။ |
| ၃၉။ | لَوْ يَعْلَمُ الَّذِينَ كَفَرُوا حِينَ لَا يَكُفُّونَ عَن وُجُوهِهِمُ النَّارَ وَلَا عَن ظُهُورِهِمْ وَلَا هُمْ يُنصَرُونَ ۞<br>ဖုံးကွယ်သော သူတို့သည် သူတို့၏မျက်နှာများ၊ ကျောကုန်းများမှ အပူမီးကို မဖယ်ရှားနိုင်သော၊ ကူညီခံရမှု မရှိသော အချိန်ကို သိကြပါလေစ။ |
| ၄၀။ | بَلْ تَأْتِيهِم بَغْتَةً فَتَبْهَتُهُمْ فَلَا يَسْتَطِيعُونَ رَدَّهَا وَلَا هُمْ يُنظَرُونَ ۞<br>အမှန်မှာ၊ ၎င်းကို သူတို့ထံသို့ လျှပ်တစ်ပြက် ပေးရောက်စေ၍၊ သို့ဖြင့် သူတို့အား ကြက်သေ သေစေ၏။ သူတို့သည် ၎င်းကို ခုခံဖယ်ရှားနိုင်စွမ်းမရှိ၊ သူတို့သည် စောင့်ကြည့်နေခွင့်လည်း မရှိတော့ချေ။ |
| ၄၁။ | وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ بِالَّذِينَ سَخِرُوا مِنْهُم مَّا كَانُوا بِهِ يَسْتَهْزِئُون ۞<br>သင့်မတိုင်မီ ဥဇာ်စဉ်ဆောင်များသည်လည်း မုချ ပြောလှောင်ခံရခဲ့ရ၏၊ သို့ဖြင့် သူတို့မှ လှောင်ပြောင်သော သူတို့သည် သူတို့၏ လှောင်ပြောင်ခြင်း အဖြစ်၌သာ နစ်မွန်းနေရတော့၏။ |
| ၄၂။ | قُلْ مَن يَكْلَؤُكُم بِاللَّيْلِ وَالنَّهَارِ مِنَ الرَّحْمَنِ بَلْ هُمْ عَن ذِكْرِ رَبِّهِم مُّعْرِضُونَ ۞<br>“သင်တို့အား နေ့ရော ညပါ ကရုဏာရှင်ထံမှ ကင်းရန် မည်သူက ကာကွယ်ထားနိုင်သနည်း၊”ဟု ဟောလော့။ အမှန်မှာ သူတို့သည် သူတို့၏ ကံကြမ္မာရှင်ထံမှ သတိပေးတရားတော်မှ ကျောပေးပြေးသူများ ဖြစ်ကြ၏။ |
| ၄၃။ | أَمْ لَهُمْ آلِهَةٌ تَمْنَعُهُم مِّن دُونِنَا لَا يَسْتَطِيعُونَ نَصْرَ أَنفُسِهِمْ وَلَا هُم مِّنَّا يُصْحَبُونَ ۞<br>သို့မဟုတ်၊ ငါ့အား တုပြိုင်လျက် သူတို့အား ဟန့်တားကာကွယ်ပေးနိုင်သော ဘုရားများ ရှိကြသလော။ သူတို့ စရိုက်ကိုပင် သူတို့ ကူညီနိုင်စွမ်း မရှိကြချေ။ သူတို့သည် ငါအရှင်နှင့် ကင်းရန် တားထားနိုင်စွမ်းလည်း မရှိကြချေ။ |
| ၄၄။<br><br>☆<br>၁၃း၄၁ | بَلْ مَتَّعْنَا هَؤُلَاء وَآبَاءهُمْ حَتَّى طَالَ عَلَيْهِمُ الْعُمُرُ أَفَلَا يَرَوْنَ أَنَّا نَأْتِي الْأَرْضَ نَنقُصُهَا مِنْ أَطْرَافِهَا أَفَهُمُ الْغَالِبُونَ ۞<br>အမှန်မှာ– ဤသူများနှင့် သူတို့၏ ဘိုးဘိုးတို့အား သူတို့၏ သက်တမ်း ရှည်လျားလာသည့်တိုင် ငါ ပြုစု ထားတော်မူ၏၊ ငါသည် ကမ္ဘာမြေကို သူတို့အတွက် မျက်စိတစ်ဆုံးမှစ၍ ကျစ်လစ်ပေးစုတော်မူသည်ကို☆ သူတို့ မမြင်လေသလော။ သူတို့သည် အောင်နိုင်သူများ ဖြစ်ကြသလော။ |
| ၄၅။ | قُلْ إِنَّمَا أُنذِرُكُم بِالْوَحْيِ وَلَا يَسْمَعُ الصُّمُّ الدُّعَاء إِذَا مَا يُنذَرُونَ ۞<br>“ကျွန်ုပ်သည် ကျွန်ုပ်ရသော အာရုံစျာန်ဖြင့် သင်တို့အား သတိပေးသူသာ ဖြစ်၏၊”ဟု ဟောကြားလော့။ သတိဖေါ် ပေးခံရသော်လည်း အပင်းသည် ဖိတ်ခေါ်သံကို မကြားနာချေ။ |
| ၄၆။ | وَلَئِن مَّسَّتْهُمْ نَفْحَةٌ مِّنْ عَذَابِ رَبِّكَ لَيَقُولُنَّ يَا وَيْلَنَا إِنَّا كُنَّا ظَالِمِينَ ۞<br>သင့်ကံကြမ္မာရှင်၏ ထံမှ ဝဋ်ကြွေး တစ်ဖွဲ့ကို သူတို့အား ထိကပ်စေသော်၊ “ကျွန်ုပ်တို့ ပျက်စီးရပြီ၊ ကျွန်ုပ်တို့သည် အမိုက်ကောင်များ ဖြစ်ခဲ့ပြီ၊”ဟု ညည်းညူကြလတ္တံ့။ |
| ၄၇။ | وَنَضَعُ الْمَوَازِينَ الْقِسْطَ لِيَوْمِ الْقِيَامَةِ فَلَا تُظْلَمُ نَفْسٌ شَيْئًا وَإِن كَانَ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ أَتَيْنَا بِهَا وَكَفَى بِنَا حَاسِبِينَ ۞<br>ရပ်တည်မြဲမြံရသော နေ့ကာလ၌ သမာဓိ ချိန်ခွင်အား တပ်ဆင်တော်မူ၍၊ မည်သည့် ဥဥ်စရိုက်ကိုမှ စိုးစဉ်းမျှ မတရား မဖြစ်စေရပေ။ မုန်ညှင်းစေ့ ပမာဏခန့်ရှိသော်လည်း ၎င်းကို ပေးအပ်တော်မူလတ္တံ့။ စာရင်းရှင်းဘို့ရာ ငါနှင့် လုံလောက်တော်မူ၏။ |

| | |
|---|---|
| ၄၈။ | وَلَقَدْ آتَيْنَا مُوسَى وَهَارُونَ الْفُرْقَانَ وَضِيَاء وَذِكْرًا لِّلْمُتَّقِينَ۞<br>ငါသည် စည်းစောင့်သူတို့ကို သတိပေါ်ပေးဘို့ရာ မူဆာနှင့် ဟာရွန်တို့အား စံနှုန်းတော်နှင့် ဝိဇ္ဇာအလင်းတော်ကို ပေးအပ်တော်မူ၏။ |
| ၄၉။ စည်းစောင့်သူ | الَّذِينَ يَخْشَوْنَ رَبَّهُم بِالْغَيْبِ وَهُم مِّنَ السَّاعَةِ مُشْفِقُونَ۞<br>**သူ**တို့သည် ကံကြမ္မာရှင်အား မျက်ကွယ်၌လည်း ကြောက်ရွံ့ရိုကျိုးကြ၏။ အချိန်နာရီကို ကြောက်ရွံ့တုန်လှုပ်ကြ၏။ |
| ၅၀။ | وَهَذَا ذِكْرٌ مُّبَارَكٌ أَنزَلْنَاهُ أَفَأَنتُمْ لَهُ مُنكِرُونَ۞<br>ဤသည် ကျက်သရေရှိသော သတိပေးတရားတော် ဖြစ်၏၊ ၎င်းကို ငါ ချမှတ်တော်မူ၏။ သို့ဖြစ်လျှက် ၎င်းကို သင်တို့ ငြင်းဆန်ကြမည်လော။ |
| ၅၁။ | وَلَقَدْ آتَيْنَا إِبْرَاهِيمَ رُشْدَهُ مِن قَبْلُ وَكُنَّا بِه عَالِمِينَ۞<br>ဤမတိုင်မီက ငါသည် အီဗရာဟီးမ်အား သူ၏ ခိုင်မာဖြောင့်မတ်မှုကို မုချ ပေးခဲ့၏။ ငါသည် သူ့အား သိနေခဲ့ပြီး ဖြစ်၏။ |
| ၅၂။ | إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَا هَذِهِ التَّمَاثِيلُ الَّتِي أَنتُمْ لَهَا عَاكِفُونَ۞<br>သူက သူ့ဖခင်နှင့် သူ့လူမျိုးတို့အား "သင်တို့ ဖက်တွယ်နေသော ဤဆင်းတုတို့သည်[၇၁] မည်သည့် အရာများ ဖြစ်သနည်း၊"ဟု ဆိုသော်။ |
| ၅၃။ | قَالُوا وَجَدْنَا آبَاءنَا لَهَا عَابِدِينَ۞<br>သူတို့က "ကျွန်ုပ်တို့၏ မိရိုးဖလာက ၎င်းအား ကိုးကွယ်နေကြသည်ကို ကျွန်ုပ်တို့ တွေ့ရ၏၊"ဟု ပြန်ပြော၏။ |
| ၅၄။ | قَالَ لَقَدْ كُنتُمْ أَنتُمْ وَآبَاؤُكُمْ فِي ضَلَالٍ مُّبِينٍ۞<br>သူက "မုချပင်၊ သင်တို့နှင့် သင်တို့၏ ဘဘိုးတို့သည် ရှင်းလင်းသော အပါယ်လမ်း၌ ရှိ၏၊"ဟု ဆိုသော်၊ |
| ၅၅။ | قَالُوا أَجِئْتَنَا بِالْحَقِّ أَمْ أَنتَ مِنَ اللَّاعِبِينَ۞<br>သူတို့က "သင်သည် ကျွန်ုပ်တို့ထံသို့ သစ္စာတရားကို ဆောင်ခဲ့သလော၊ သို့မဟုတ် သင်သည် ကစားတတ်သူမှ ဖြစ်သလော၊"ဟု ပြန်ပြော၏။ |
| ၅၆။ | قَالَ بَل رَّبُّكُمْ رَبُّ السَّمَاوَاتِ وَالْأَرْضِ الَّذِي فَطَرَهُنَّ وَأَنَا عَلَى ذَلِكُم مِّنَ الشَّاهِدِينَ۞<br>သူပြောသည်မှာ "အမှန်မှာ၊ သင်တို့၏ ကံကြမ္မာရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင်ဖြစ်၏၊ အရှင်သည် ၎င်းတို့၏ ဇစ်မြစ် ဖြစ်၏။ ကျွန်ုပ်သည်ကား ထိုအရာများအတွက် သက်သေခံသူများမှ ဖြစ်၏။– |
| ၅၇။ | وَتَاللَّهِ لَأَكِيدَنَّ أَصْنَامَكُم بَعْدَ أَن تُوَلُّوا مُدْبِرِينَ۞<br>ပရမတ်ဘုရားရှင်အား တိုင်တည်လျှက်။ သင်တို့ လှည့်၍ ထွက်ခွာသွားပြီးနောက်၊ သင်တို့၏ ရုပ်ပွားများအတွက် ကျွန်ုပ်၌ ဗျူဟာ ရှိ၏၊"ဟု ဖြစ်၏။ |
| ၅၈။ | فَجَعَلَهُمْ جُذَاذًا إِلَّا كَبِيرًا لَّهُمْ لَعَلَّهُمْ إِلَيْهِ يَرْجِعُونَ۞<br>သို့ဖြင့်၊ သူတို့သည် ထိုဘက်သို့ ပြန်လှည့်လာခြင်းငှာ– ၎င်းတို့မှ အကြီးဆုံးမှအပ ၎င်းတို့ကို အစိတ်စိတ် စီရင်လိုက်၏။ |

(၇၁) ဤနေရာ၌ ဆင်းတုများဟု ဘာသာပြန်ဆိုသော စကားလုံးမှာ အာရ်ဗီဝေါဟာရ **တမာဆီးလု** ဖြစ်၍ "ပုံစံတူ၊ သဏ္ဍာန်တူ၊ အသွင်တူ၊ ကဲ့သို့ ဖြစ်သည်၊"ဟု အနက်များပေးပေသည်။ အစ္စလာမ်သာသနာသည် ဓါတ်ပုံရိုက်ခွင့်၊ ပန်းချီရေးခွင့် များကို တားမြစ်ခြင်း မရှိချေ၊ ပုံတူများ ပြုလုပ်၊ ထုဆစ် ကိုးကွယ်ဆည်းကပ်ခြင်းကိုသာ တားမြစ်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၅၉။ | **قَالُوا مَن فَعَلَ هَذَا بِآلِهَتِنَا إِنَّهُ لَمِنَ الظَّالِمِينَ۞**<br>သူတို့က “ကျွန်ုပ်တို့၏ ဘုရားများကို မည်သူ စီရင်လိုက်သနည်း၊ ကေန် သူသည် အမိုက်စီးသူများမှ ဖြစ်၏၊”ဟု ဆို၏၊ |
| ၆၀။ | **قَالُوا سَمِعْنَا فَتًى يَذْكُرُهُمْ يُقَالُ لَهُ إِبْرَاهِيمُ۞**<br>“သူတို့အား သတိပေးသောသူ၊ အီဗရာဟီးမ် ဆိုသည့် လူငယ်အကြောင်း ကျွန်ုပ်တို့ ကြားခဲ့၏၊”ဟု ပြောကြ၏။ |
| ၆၁။ | **قَالُوا فَأْتُوا بِهِ عَلَى أَعْيُنِ النَّاسِ لَعَلَّهُمْ يَشْهَدُونَ۞**<br>“သူတို့ သက်သေပြနိုင်ဘို့ရာ သူ့အား လူထုမျက်လုံးရှေ့သို့ ပေးရောက်စေလော့၊”ဟု ပြောကြပြန်၏။ |
| ၆၂။ | **قَالُوا أَأَنتَ فَعَلْتَ هَذَا بِآلِهَتِنَا يَا إِبْرَاهِيمُ۞**<br>သူတို့က “အို– အီဗရာဟီးမ်၊ သင်သည် ကျွန်ုပ်တို့ကိုးကွယ်သည့် ဘုရားများကို စီရင်လေသလော၊”ဟု ပြောသော်၊ |
| ၆၃။ | **قَالَ بَلْ فَعَلَهُ كَبِيرُهُمْ هَذَا فَاسْأَلُوهُمْ إِن كَانُوا يَنطِقُونَ۞**<br>သူက “အမှန်မှာ၊ ၎င်းကို စီရင်ခဲ့၏။ ဤသည် သူတို့၏ အကြီးအကဲဖြစ်၏၊ သူတို့စကားပြောတတ်လျှင် သူတို့ကို မေးကြည့်လော့၊”ဟု ဆို၏။[၇၂] |
| ၆၄။ | **فَرَجَعُوا إِلَى أَنفُسِهِمْ فَقَالُوا إِنَّكُمْ أَنتُمُ الظَّالِمُونَ۞**<br>သူတို့သည် သူတို့၏ အကျင့်စရိုက်ဘက်သို့ ဦးလှည့်လျှက်၊ “ကေန်၊ သင်တို့သည်၊ သင်တို့သည်သာ အမိုက်ကောင်များ ဖြစ်၏၊” |
| ၆၅။ | **ثُمَّ نُكِسُوا عَلَى رُؤُوسِهِمْ لَقَدْ عَلِمْتَ مَا هَؤُلَاءِ يَنطِقُونَ۞**<br>တဖန် သူတို့သည် ဦးကျိုးကျလျှက်၊ “၎င်းတို့သည် စကားမပြောနိုင်ကြောင်းကို သင် မုချ သိ၏၊”(ဟု ဆိုသော်)– |
| ၆၆။ | **قَالَ أَفَتَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَنفَعُكُمْ شَيْئًا وَلَا يَضُرُّكُمْ۞**<br>သူပြောသည်မှာ “သို့ဖြစ်လျှင်၊ သင်တို့အား အကျိုးပေးခြင်း၊ ဥပါဒ်ပေးခြင်း စိုးစဉ်မှ မပြုနိုင်ရာများကို ပရမတ်ဘုရားရှင်နှင့် ဂုဏ်ပြိုင်လျှက် ကိုးကွယ်ကြမည်လော၊ |
| ၆၇။ | **أُفٍّ لَّكُمْ وَلِمَا تَعْبُدُونَ مِن دُونِ اللَّهِ أَفَلَا تَعْقِلُونَ۞**<br>သင်တို့နှင့် ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်လျှက် သင်တို့၏ ကိုးကွယ်ရာများသည် ရွံစရာကောင်း၏၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော၊”ဟု ဖြစ်၏။ |
| ၆၈။ | **قَالُوا حَرِّقُوهُ وَانصُرُوا آلِهَتَكُمْ إِن كُنتُمْ فَاعِلِينَ۞**<br>သူတို့က “သင်တို့ ပြုလုပ်လိုလျှင်၊ သူ့အား လောင်တိုက်သွင်း၍၊ သင်တို့၏ ဘုရားများကို ထောက်ခံကြလော့၊”ဟု ဆိုလေ၏။ |

---

(၇၂) ဤသုတ်တော်အား များစွာသော ဆရာတော်ကြီးများက **သူတို့၏ အကြီးအကဲ ဤဆင်းတုက သူတို့ကို ရိုက်ချိုးပစ်၏၊ သူတို့စကား ပြောတတ်လျှင် သူတို့ကို မေးကြည့်လော့၊** ဟု အာရ်ဗီသဒ္ဒါအရ လုံးဝမှားယွင်းစွာ ပြန်ဆိုကြသည်။ ဉာဏ်စဉ်တော်ဆောင် တစ်ပါးဖြစ်သည့် အီဗရာဟီးမ်အား သူစီရင်ခဲ့သည်ကို ဝန်မခံရဲသော၊ လိမ်လည်၍ သူတစ်ပါးအား ထိုးချစွပ်စွဲသော အဖြစ်သို့ ရောက်ရန် တွန်းပို့သကဲ့သို့ ဖြစ်ပေသည်။ ဤသုတ်တော်မှ **ဘားလ် ဖအလဟု** **بَلْ فَعَلَهُ** “အမှန်မှာ၊ ၎င်းကို သူစီရင်ခဲ့၏” ဝါကျနှင့်၊ **ကဘီးရှုဟွမ် ဟာသာ** **كَبِيرُهُمْ هَذَا** “ဤသည် သူတို့၏ အကြီးအကဲ ဖြစ်၏၊” ဆိုသော ဝါကျမှ သီးခြား ဝါကျများ ဖြစ်၍၊ ပူးပေါင်း ပြန်ဆို၍ မရပေ။ ကိုယ်တော် အီဗရာဟီးမ်က သူစီရင်ခဲ့ကြောင်း၊ သင်တို့ ကိုးကွယ်နေသော ဘုရားဟုသမုတ်သည့် ရုပ်ပွားများမှာ သူတို့ကိုယ် သူတို့ပင် ခုခံနိုင်စွမ်း မရှိကြောင်း၊ သင်တို့အား စကားပင် မပြောနိုင်ကြောင်းကို သက်သေပြခဲ့ခြင်းဖြစ်၍၊ ထိုသို့ မအပ်မရာများကို ဘုရားဟု ကိုးကွယ်နေခြင်းသည်သာ အဝိဇ္ဇာ အမှောင်တွင်းမှ သူများဖြစ်ကြောင်း သက်သေပြခြင်းပင် ဖြစ်သည်။ ထိုသူများက သူတို့သည်သာ အဝိဇ္ဇာစီးနေသူများ ဖြစ်ကြောင်း သုတ်တော် ၆၄ တွင် ဝန်ခံထားခြင်းက သက်သေပင် ဖြစ်သည်။

| | |
|---|---|
| ၆၉။ | **قُلْنَا يَا نَارُ كُونِي بَرْدًا وَسَلَامًا عَلَى إِبْرَاهِيمَ۞**<br>ငါအရှင်က "အို–မီး အေးခဲလော့၊[၇၁၃] အီဗရာဟီးမ်အပေါ်သို့ ငြိမ်းချမ်းမှု ခစေလော့၊"ဟု မိန့်လိုက်၏။ |
| ၇၀။ | **وَأَرَادُوا بِهِ كَيْدًا فَجَعَلْنَاهُمُ الْأَخْسَرِينَ۞**<br>သူတို့သည် သူနှင့်စပ်လျဉ်း၍ ဗျူဟာချ၏၊ သို့ဖြင့် ငါသည် သူတို့အား ဆုံးရှုံးရသူများ အဖြစ် စီရင်လိုက်၏။ |
| ၇၁။<br>နယ်မြေသို့ | **وَنَجَّيْنَاهُ وَلُوطًا إِلَى الْأَرْضِ الَّتِي بَارَكْنَا فِيهَا لِلْعَالَمِينَ۞**<br>ငါသည် သူနှင့် လု–တ် တို့အား လောကခပ်သိမ်းအတွက် ကျက်သရေရှိစေသော **ကမ္ဘာသို့** ကယ်နုတ်ခဲ့၏။ |
| ၇၂။<br>☆ မြေး | **وَوَهَبْنَا لَهُ إِسْحَقَ وَيَعْقُوبَ نَافِلَةً وَكُلًّا جَعَلْنَا صَالِحِينَ۞**<br>ငါသည် သူ့အား အိစ္စဟာ့က်။ အပိုဆု☆ ယာကုဗ်ကို ချီးမြှင့်တော်မူ၍ သူတို့ကိုယ်စီအား ပြုပြင်ပြောင်းလဲသူများ အဖြစ် ခန့်အပ်၏။ |
| ၇၃။ | **وَجَعَلْنَاهُمْ أَئِمَّةً يَهْدُونَ بِأَمْرِنَا وَأَوْحَيْنَا إِلَيْهِمْ فِعْلَ الْخَيْرَاتِ وَإِقَامَ الصَّلَاةِ وَإِيتَاءَ الزَّكَاةِ وَكَانُوا لَنَا عَابِدِينَ۞**<br>ငါသည် သူတို့အား ငါ၏ စီမံချက်ဖြင့် လမ်းပြ ခေါင်းဆောင်များ အဖြစ် ခန့်အပ်၏။ ငါသည် သူတို့အား ကောင်းမြတ်စွာ ကျင့်ဆောင်ရန်၊ မေတ္တာဝိဇ္ဇာန် မြဲမြံရန်၊ လူမှုဖူလုံကြေး ပေးကြရန် ငါ့ကိုသာ ကိုးကွယ်ဆည်းကပ်ရန် အာရုံဖြစ်စေ၏။ |
| ၇၄။ | **وَلُوطًا آتَيْنَاهُ حُكْمًا وَعِلْمًا وَنَجَّيْنَاهُ مِنَ الْقَرْيَةِ الَّتِي كَانَت تَّعْمَلُ الْخَبَائِثَ إِنَّهُمْ كَانُوا قَوْمَ سَوْءٍ فَاسِقِينَ۞**<br>လု–တ်၊ ငါသည် သူ့အား ဓမ္မသတ်နှင့် အသိပညာကို ချီးမြှင့်၏။ ရက်ဘွယ်လိလိ ပြုကျင့်နေသော အရပ်သားများ ထံမှ သူ့ကို ကယ်နုတ်ခဲ့၏။ ထိုသူတို့သည် အကုသိုလ်စီးသော ယုတ်မာသည့် လူမျိုး ဖြစ်၏။ |
| ၇၅။ | **وَأَدْخَلْنَاهُ فِي رَحْمَتِنَا إِنَّهُ مِنَ الصَّالِحِينَ۞**<br>သူ့အား ငါ၏ ကရုဏာတွင်းသို့ ဝင်ခွင့်ပြု၏၊ ကေန်ပင် သူသည် ပြုပြင်ပြောင်းလဲ သူတို့မှ ဖြစ်၏။ |
| ၇၆။ | **وَنُوحًا إِذْ نَادَى مِن قَبْلُ فَاسْتَجَبْنَا لَهُ فَنَجَّيْنَاهُ وَأَهْلَهُ مِنَ الْكَرْبِ الْعَظِيمِ۞**<br>ဤမတိုင်မီ၊ နူးဟ်က ဆုတောင်းသော အခါ၊ ငါသည် အလိုတူတော်မူခဲ့၏။ သူနှင့် သူ့ဝိုင်းသားများကို ကြီးစွာသော ဘေးဒုက္ခမှ ကယ်နုတ်ခဲ့၏။ |

**(၇၁၃)** ပုံတိုပတ်စများ၏ နောက်သို့ လိုက်သော ဆရာတော်ကြီးများက ကိုယ်တော် အီဗရာဟီးမ်အား ရှို့သည့် မီးပုံ၏ ပမာဏသည် မည်၍ မည်မျှ ကြီးမားဟုပင် အမျိုးမျိုး ရေးသားပြောဆိုသည်များ ရှိပေသည်။ ကျမ်းတော်တွင် ဆိုလိုသော မီး ဆိုသည်မှာ များသောအားဖြင့် စစ်မီး။ ဒေါသမီးများ ကိုသာ ဆိုလိုပေသည်။ ထိုရုပ်ပွားဝါဒီများ၏ အမျက်ဒေါသ မီး ဟုန်းဟုန်းတောက်လောင်ခြင်း သူ့အပေါ်၌ သက်ရောက်သည်ဟုသာ အဓိပ္ပါယ် သက်ရောက်ပေသည်။ ဆရာတော်ကြီးများ နားလည်သကဲ့သို့ အမှန်စင်စစ် ရုပ်ဝတ္ထုမီး ဖြစ်သည်ဟု ဆိုက။ ထိုအချိန်တွင် ကိုယ်တော် အီဗရာဟီးမ် အား မီးရှို့ရန်– လောင်စာထင်းများ ရှာရ၊ စုရ ဦးမည်။ ထို့နောက် မီးမွေးရဦးမည် ဖြစ်သည်။ မည်သည့်လူသားကို မဆို ချက်ချင်းလက်ငင်း မီးရှို့နိုင် ရန် အဆင်သင့် ပြုလုပ်ထားသော မီးဖိုကြီးရှိနေသည်ဟု ကျမ်းတော်၏ မည်သည့်နေရာတွင်မှ ဆိုမထားသည့် အပြင်၊ ကိုယ်တော် အီဗရာဟီးမ်အား မီးရှို့သတ်ရန် ယတိပြတ် ဆုံးဖြတ်ခဲ့သည်လည်း မရှိချေ။ ၎င်းကို **"သူ့အား သတ်ကြ၊ သို့မဟုတ် လောင်တိုက်သွင်းကြ၊"** (၂၉း၂၄) ဟု ဆိုပေသည်။ ထို့ကြောင့် ထိုလူများသည် ကိုယ်တော် အပေါ်၌ ဒေါသမီး ဟုန်းဟုန်းတောက်ခဲ့သည်သာ ဖြစ်၍ သေစေလို။ သတ်စေလိုသော ဆန္ဒသာ ရှိခဲ့ပေ သည်။ မည်သို့ သတ်မည်ဟူသည့် ဆုံးဖြတ်ချက်ကို အတိအကျ မချခဲ့နိုင်ပေ။ ဆက်လက်ပါ သုတ်တော် ၇၀ က သူတို့ ဗျူဟာချ၏။ သို့သော် သူ တို့သည် ဆုံးရှုံးသူများ ဖြစ်ရ၏၊ ဟု သူတို့၏ ဗျူဟာ မအောင်မြင်ခဲ့ကြောင်းကို အတိအကျ ဆိုထားပေသည်။

တဖန်ဤသုတ်တော်တွင် "အေးခဲလော့ ဟု ပြောသော **ဘရ်ဒါန် بَرْدًا** ဆိုသည့် အနက်မှာ တငွေ့ငွေ့ အရှိန် ချုပ်လာသည့် သဘော၊ အေးခဲလာသည့် သဘောကို ဆိုကြောင်း (၂၄း၄၃) တွင် ထိုစကားလုံးကို တွေ့နိုင်ပေသည်။ ထို့ကြောင့် ကိုယ်တော် အီဗရာဟီးမ်အား အမှန်တကယ် ရုပ်ဝတ္ထုမီးထဲသို့ ပစ်ထည့်ခြင်း မဟုတ်ဘဲ။ သူတို့၏ ဒေါသမီးသင့်စေခြင်း။ ထို့နောက် ဒေါသငွေ့သေသွားခြင်းကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၇၇။ | **وَنَصَرْنَاهُ مِنَ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا إِنَّهُمْ كَانُوا قَوْمَ سَوْءٍ فَأَغْرَقْنَاهُمْ أَجْمَعِينَ۞**<br>ငါသည် သူ့အား ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သည့် လူမျိုးမှ ကင်းရန် ကူညီခဲ့၏။ ကေန်ပင် သူတို့သည် အကုသိုလ်သင့်သော လူမျိုး ဖြစ်ကြ၏။ သူတို့အားလုံးကို နစ်မြုပ်စေခဲ့ပြီ။ |
| ၇၈။ | **وَدَاوُودَ وَسُلَيْمَانَ إِذْ يَحْكُمَانِ فِي الْحَرْثِ إِذْ نَفَشَتْ فِيهِ غَنَمُ الْقَوْمِ وَكُنَّا لِحُكْمِهِمْ شَاهِدِينَ۞**<br>ဒါဝူးဒ်နှင့် ဆိုလိုင်မံ– သူတို့သည် အခြားသူတို့၏ သိုးကြောင့် ပျက်စီးရသော လယ်မြေကိစ္စအား ဆုံးဖြတ်သောအခါ၊ သူတို့၏ ဆုံးဖြတ်ခြင်း၌ ငါသည် သက်သေသက်ကန် ဖြစ်၏။ |
| ၇၉။ | **فَفَهَّمْنَاهَا سُلَيْمَانَ وَكُلًّا آتَيْنَا حُكْمًا وَعِلْمًا وَسَخَّرْنَا مَعَ دَاوُودَ الْجِبَالَ يُسَبِّحْنَ وَالطَّيْرَ وَكُنَّا فَاعِلِينَ۞**<br>ငါသည် ဆိုလိုင်မံအား ၎င်းကို နားလည် သဘောပေါက်စေ၏။ သူတို့ကိုယ်စီအား ဓမ္မသတ်နှင့် အသိပညာကို ချီးမြှင့်ပေး၏၊ ငါသည် ဒါဝူးဒ်နှင့်အတူ ဦးထိပ်ထားနေသော တောင်များနှင့် ငှက်များကို အသုံးခံဖြစ်စေ၏။[၇၄] |
| ၈၀။ | **وَعَلَّمْنَاهُ صَنْعَةَ لَبُوسٍ لَّكُمْ لِتُحْصِنَكُم مِّن بَأْسِكُمْ فَهَلْ أَنتُمْ شَاكِرُونَ۞**<br>ငါသည် သင်တို့အား စစ်ပွဲများ၌ အကာအကွယ်ဖြစ်စေအံ့ငှာ၊ သင်တို့အတွက် သံချပ်အင်္ကျီလုပ်နည်းကို သင်ပေးတော်မူ၏၊ သင်တို့ ကျေးဇူးသိတတ်မည် မဟုတ်လော။[၇၅] |
| ၈၁။<br><br>နယ်မြေ | **وَلِسُلَيْمَانَ الرِّيحَ عَاصِفَةً تَجْرِي بِأَمْرِهِ إِلَى الْأَرْضِ الَّتِي بَارَكْنَا فِيهَا وَكُنَّا بِكُلِّ شَيْءٍ عَالِمِينَ۞**<br>ဆိုလိုင်မံအတွက်၊ လေကို ပြင်းစွာ တိုက်စေ၍၊ အရှင့်စီမံချက်ဖြင့် ထို၌ ငါအရှင် ကျက်သရေဖြစ်စေသော **ကမ္ဘာ**သို့ စီးဆင်း ရွေ့လျှောစေ၏။ ငါသည် ခပ်သိမ်းကုန်တို့အား သိနေတော်မူပေ၏။[၇၆] |
| ၈၂။<br><br>☆ ၂း၁၄<br>၃း၇၅ | **وَمِنَ الشَّيَاطِينِ مَن يَغُوصُونَ لَهُ وَيَعْمَلُونَ عَمَلًا دُونَ ذَٰلِكَ وَكُنَّا لَهُمْ حَافِظِينَ۞**<br>သူ့အတွက် ရေငုပ်ပေးသူ၊ ဤအပြင် အခြား အလုပ်များကို လုပ်ဆောင်ပေးသူတို့ကို မကောင်းဆိုဝါးတို့မှ☆ ဖြစ်စေ၏။ ငါသည် သူတို့ကို ထိန်းသိမ်းစောင့်ရှောက်သော အရှင် ဖြစ်၏။ |
| ၈၃။ | **وَأَيُّوبَ إِذْ نَادَىٰ رَبَّهُ أَنِّي مَسَّنِيَ الضُّرُّ وَأَنتَ أَرْحَمُ الرَّاحِمِينَ۞**<br>အိုင်ယုဘ်က သူ့ကံကြမ္မာရှင်ထံ၌ "တပည့်တော်အား ဘေးဒုက္ခ သက်ပါပြီ၊ အရှင်သည် ကရုဏာအပေါင်း၏ ကရုဏာရှင် ဖြစ်ပါ၏၊"ဟု ဆုတောင်းသောအခါ၊ |

---

**(၇၄)** ဤသုတ်တော်နှင့် ၃၄း၁၀ တို့ကို ဆရာတော်ကြီးများက **တောင်များနှင့် ငှက်များကို ဒါဝူးဒ်၏ အသုံးခံ ဖြစ်စေ၏**ဟု ပြန်ဆိုကြ၍ ဒါဝူးဒ်၏ သြဇာအာဏာကို အတိတ်သရ ဝုတ္တိ အလင်္ကာမြောက်အောင် ဖွဲ့ဆိုကြပေသည်။ ဤဝါကျတွင် မူရင်း အာရ်ဗီ အားဖြင့် **မအ ဒါဝူးဒ်** ဟုသာ ဖြစ်၍– ဒါဝူးဒ်နှင့်အတူအကွ ဟုသာ ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဒါဝူးဒ်နှင့် အတူတကွ ဘုရားရှင်အား ဦးထိပ်ထားနေကြောင်းသာ ဖြစ်ပေသည်။ တောတောင် အပေါင်း၊ ငှက်အပေါင်း (နှစ်မျိုးလုံးသည် လူသားကို ညွှန်း၍ ဖး၃၈) ဒါဝူးဒ်အား ဦးထိပ်ထားနေရန် အလိုပေ၊ သူတို့သည် ဒါဝူးဒ်၏ ဘက်မှ ရပ်တည်လျှက် ဘုရားရှင်၏ သစ္စာတရားလမ်းတော်၌ ကျိုးပန်းသူများသာ ဖြစ်၏။ သို့မဟုတ် ထိုနှစ်မျိုးလုံးကို မူရင်းစာလုံး အတိုင်း လူသားဟု မယူဆသော်က– မိုးများနှင့်မြေတွင် ရှိသမျှသည် လူသား၏ အသုံးခံ ဖြစ်၏၊ (၄၅း၁၃) ဟူသော အချက်ကို ကျော်လွှန်၍ အဓိပ္ပါယ် မဖွင့်ဆိုသင့်ပေ။
**(၇၅)** ဤမတိုင်မှီက လူသား မျိုးဆက်သည် သံချပ်အင်္ကျီပြုလုပ်ရန် မတတ်ခဲ့ဟု မဆိုလိုပေ။ သူ့လက်ထက်၌ ရန်သူများထက် ပိုမိုကောင်းမွန်သော သံချပ်အင်္ကျီပြုလုပ်နည်းကို ရရှိခြင်းကိုသာ ဆိုလိုပေသည်၊ ၃၄း၁၁ တွင် ကြည့်ပါ။
**(၇၆)** များစွာသော ဆရာတော်ကြီးများက ဆိုလိုင်မံသည် ဘုရားရှင်၏ ဥဇ္ဇာစဉ်တော်ဆောင် ဖြစ်သည်ဟူသည့် ခေါင်းစဉ်အောက်၌ အကြီးအကျယ် တန်ခိုးအာဏာများကို ပေးလိုသော ဇောကပ်လျှက်– လေသည် စိုလိုင်မံ၏ စီမံချက်ဖြင့် တိုက်ရ၏ ဟု လွဲမှားစွာ ပြန်ဆိုမှုများကို တွေ့ရသည်။ လူသားသည် သဘာဝကို လွှမ်းမိုးနိုင်သည် ဟူသည့် ကျမ်းတော်ပါ နိယာမများကိုလည်း လွဲမှားစွာ စဉ်းစားခြင်း ဖြစ်ပေသည်။ သဘာဝအား လူသားက ပြုပြင် စီမံနိုင်ခြင်း ဆိုသည်မှာ ခေတ်အလိုက် နည်းပညာများအလိုက် ခွင့်ပြုခြင်း ဖြစ်၍၊ ဆိုလိုင်မံ၏ ခေတ်ကာလတွင် သဘာဝကို ပြုပြင်စီမံနိုင်သော အဆင့် နည်းပညာများအား ကမ္ဘာ့လူသားတို့ထံသို့ မသက်ဆင်းသေးပေ။ ထို့အပြင် ဤသုတ်တော်ပါ ဝါကျဖြစ်သည့် **ဗိအမ်ရိ ဟု** ဆိုမှာ ဆိုလိုင်မံ၏ အမိန့်တော်၊ စီမံချက်ဖြင့် ဟု ဆိုခြင်း လုံးဝ မဟုတ်ချေ၊ အရှင်၏ အမိန့်တော်။ စီမံချက်တော် ဖြင့် ဟုသာ ဆိုခြင်း ဖြစ်ပေ သည်။ "အရှင်၏ စီမံချက်ဖြင့် သင်တို့ အတွက် ပင်လယ် ပြင်၌ စီးမျောနိုင်သော ရေယာဉ်များကို အသုံးခံဖြစ်စေ၏။" ဟူသော (၁၄း၃၂) ဝါကျနှင့် နှိုင်းယှဉ်ကြည့်ပါ။ ၃၄း၁၂ တွင် ဆက်ကြည့်ပါ။

၈၄။ فَاسْتَجَبْنَا لَهُ فَكَشَفْنَا مَا بِهِ مِن ضُرٍّ وَآتَيْنَاهُ أَهْلَهُ وَمِثْلَهُم مَّعَهُمْ رَحْمَةً مِّنْ عِندِنَا وَذِكْرَى لِلْعَابِدِينَ۞

ငါသည် သူ့အား အလိုတူခဲ့၏။ သူ့၌ရှိသော ဘေးဒုက္ခကပ်ကို ပေ့ါပါးဖယ်ရှားခဲ့၍ သူတို့နှင့်အတူ သူတို့ကဲ့သို့ သူ့ဝိုင်းတော်သားများကို သူ့အား ချီးမြှင့်ခဲ့၏။ ငါ့ထံတော်မှ ကရုဏာတော် ဖြစ်၏၊ ကိုးကွယ်ဆည်းကပ်သူတို့အတွက် သတိပေး တရားတော်လည်း ဖြစ်၏။[၇၁၇]

၈၅။★ ၂း၁၂၄ ☆ ၁၉း၅၆ وَإِسْمَاعِيلَ وَإِدْرِيسَ وَذَا الْكِفْلِ كُلٌّ مِّنَ الصَّابِرِينَ۞

ထို့ပြင် အိစ္စမာလ်အီးလ်၊★ အီးဒရီးစ်၊☆ ကပိလပြည့်ရှင်၊[၇၁၈] သူတို့ကိုယ်စီသည် ခန္တီပါရမီကြီးသူတို့မှ ဖြစ်၏။

၈၆။ وَأَدْخَلْنَاهُمْ فِي رَحْمَتِنَا إِنَّهُم مِّنَ الصَّالِحِينَ۞

သူတို့အား ငါ၏ ကရုဏာတွင်းသို့ ဝင်ခွင့်ပြု၏။ ကေန်ပင် သူတို့သည် ပြုပြင်ပြောင်းလဲသူများ ဖြစ်ကြ၏။

၈၇။ وَذَا النُّونِ إِذ ذَّهَبَ مُغَاضِبًا فَظَنَّ أَن لَّن نَّقْدِرَ عَلَيْهِ فَنَادَى فِي الظُّلُمَاتِ أَن لَّا إِلَهَ إِلَّا أَنتَ سُبْحَانَكَ إِنِّي كُنتُ مِنَ الظَّالِمِينَ۞

ထို့နောက် ငါး၏အရှင်၊[၇၁၉] သူသည် အမျက်ထွက်လျက် သွားခဲ့၏၊ ငါသည် သူ့အပေါ်၌ စည်းချိန်ချလိမ့်မည် မဟုတ်ဟု ထင်မှတ်၏။ သို့သော် သူသည် အဝိဇ္ဇာတွင်းမှ "အရှင်မှအပ အခြား ဘုရားမရှိပါ၊ အရှင့်အား ဦးထိပ်ထားပါ၏၊ ကေန်ပင် တပည့်တော်သည်ကား အဝိဇ္ဇာကောင်တို့မှ ဖြစ်ရပါပြီ၊"ဟု ဆုတောင်း၏။

---

(၇၁၇) ဤသုတ်တော်မှ သူတို့နှင့် အတူ သူတို့ကဲ့သို့ သူ့ဝိုင်းတော်သားများကို သူ့အားပေး၏၊ ဆိုသည်မှာ သူ့အား သူ့အသိုင်းအဝိုင်းအပြင် အခြားသော အသိုင်းအဝိုင်းတစ်ခု ပေးခြင်း ဖြစ်ကြောင်းကို ဆိုလိုပေသည်။ ကိုယ်တော် အိုင်ယုဘ်၏ အကြောင်းသည် ၃၈း၄၂–၄၄ တွင်လည်း ဖော်ပြထားပေသည်။

(၇၁၈) **ذَا الْكِفْلِ သာ ကိဖ်လိ** ဟူသော ကိုယ်တော်၏ အမည်ကို ကျမ်းတော်တွင် ဤနေရာနှင့် ၃၈း၄၈ တွင် ဖေါ်ပြ၍၊ ကိုယ်တော်၏ ရာဇဝင်ကို အကျယ် ဖေါ်ပြခြင်း မရှိပေ။ ကျမ်းတော်တွင် ဉာဏ်စဉ်တော်ဆောင်၊ သတင်းတော်ဆောင်များ၏ အမည်နာမကို ဖေါ်ပြသည် ဆိုရာ၌ ထိုကိုယ်တော်၏ နောက်လိုက် အသိုင်းအဝိုင်းများ များစွာ ရှိနေ၍ အယူအဆ ရေးရာ အငြင်းပွားမှု ဖြစ်နေလျှင်– ထိုကဲ့သို့သော ကိုယ်တော်များ၏ မူလဇစ်မြစ်တရားတော်ကို ပြန်လည် တင်ပြရန်– နောက်လူများ ဥပမာ ယူနိုင်ရန် သတိရစေသည်အထိ ထပ်ပြန်တလဲလဲ တင်ပြလေ့ရှိပြီး၊ နောက်လိုက် အင်အား များစွာ မရှိသော၊ အငြင်းပွား ဝိရောဓိဖြစ်စေရန် အကြောင်းမများသော ကိုယ်တော်တို့၏ အမည်နာမများကို ရံဖန်ရံခါမျှသာ တင်ပြမှု ဖြစ်ကြောင်း ကျမ်းတော် ဖတ်ဘူးသူတိုင်း သိပေသည်။ ဤဘာသာပြန်၌ **သာကိဖ်လိ** အား **ကပိလ ပြည့်ရှင်** ဟု ပြန်ဆိုခြင်းမှာ အာရဗီဝေါဟာရ၏ တိုက်ရိုက် အဓိပ္ပါယ်ကို (ကာနိုင်မင်းကြီး ၁၈း၈၃ ကဲ့သို့) ပြန်ဆိုခြင်း ဖြစ်ပေသည်။ အာရဗ်တို့သိနေသော ဉာဏ်စဉ်တော်ဆောင် သတင်းတော်ဆောင် လောကတွင် ထိုအမည်မှာ မရှိပေ။ တဖန် ကျမ်းတော်တွင် ထိုတိုင်းရင်းများနှင့် (အာရဗ်များနှင့်) လက်လှမ်းဝေးသော ဒေသမှ ခေါင်းဆောင်များ၏ အမည် နာမများကို ဒေသများနှင့် ကိုယ်စား ပြုဖေါ်ပြခြင်း၊ အပင်များ အမှတ်သညာများဖြင့် (၉၅း၁–၃) ဖေါ်ပြခြင်းဖြင့် အခြားလူများ နားလည်စေရန် ဖေါ်ပြလေ့ရှိပေသည်။ ကပိလပြည့်ရှင် ဆိုသည်မှာ ကပိလဝတ္ထုပြည်မှ မင်းသား၊ တရားအလင်းရောင်ပေးရာ၌ အရှင်မင်း ဖြစ်သည်ဟု ဆို၍ ကိုယ်တော် ဂေါတမကို ဆိုလိုခြင်း ဖြစ်သည်။ ကိုယ်တော်သည် ပါရမီများကို ဖြည့်ဆီးကျင့်ကြံ၍၊ ပြီးပြည့်စုံသောကြောင့် ဉာဏ်စဉ်တော်ကို ရခဲ့သည်။ (ဉာဏ်စဉ်တော်ဆောင် ဖြစ်ခဲ့သည်) ဆိုသော သမိုင်းနှင့် အမည် **သာကိဖ်လိ** ဟူသော အနက် **သာ** ပိုင်ရှင်၊ ပိုင်ဆိုင်သူ၊ **ကိဖ်လိ** ပြီးမြောက်ခြင်း၊ လုံလောက်ခြင်း၊ အကိုးပြည့်ခြင်း ဟူသည်မှာလည်း ကိုက်ညီမှု ရှိပေသည်။ ၂း၆၂ တွင်လည်း ကြည့်ပါ။

(၇၁၉) **သာ နူးန်နိ ذَا النُّونِ** ၏ အနက်မှာ တိုက်ရိုက် အဓိပ္ပါယ်အားဖြင့် **ငါးကြီး၏ သခင်၊ ငါးကြီး၏ အရှင်** ဟု ဖြစ်ပေသည်၊ ဤအမည်မှာ ကိုယ်တော် ယူနွတ်စ်ကို ခေါ်သော အမည်ဖြစ်ပေသည် ၆၈း၄၈။ ထို့ကြောင့် ဆရာတော်ကြီးများက ဤနေရာ၌ ယူနွတ်စ် ဟု တိုက်ရိုက်ပြန်ဆိုကြ၏။ သူသည် သူ့အသိုင်းအဝိုင်းမှ သည်းမခံနိုင်လွန်း၍ ထွက်ခွာသွားခြင်း ဖြစ်ပေသည်။ ဤနေရာ၌ ဘာသာပြန်ဆိုမှု မှားယွင်းသော ဘာသာပြန်ပေါင်းများစွာ ရှိနေသည်မှာ– သူသည် ဘုရားရှင်ကို စိတ်ဆိုး၍ ထွက်သွားသည်၊ ဘုရားရှင်က သူ့အား မထိန်းချုပ်ထားနိုင်ဟု သူထင်မှတ်သည်– စသည်ဖြင့် ဖြစ် ပေသည်။ ထိုဘာသာပြန်များမှာ လုံး၀ မှားယွင်းပေသည်။ သူသည် အရှင်၏ ဉာဏ်စဉ်တော်ဆောင် တစ်ပါး ဖြစ်ပေသည်။ အရှင်က သူ့အား မထိန်းချုပ်နိုင်ဟု ထင်မှတ်စရာ အကြောင်း လုံး၀ မရှိချေ၊ သူသည် သူ့လူမျိုးကို သည်းမခံနိုင်လွန်း၍ ထွက်ခွာသွားသည်၊ အရှင်က သူ့အား ထိုလူမျိုးများ ဆီသို့ ပြန်လည်စေလွှတ်၍ တရားဒေသနာဟောပြောရန် စေစားလိမ့်မည် မဟုတ်ဟုသာ သူထင်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့အပြင် "အဝိဇ္ဇာတွင်း။ အမှောင်တွင်းမှ– ဟူသည်ကို ငါးကြီး၏ ဝမ်းတွင်းမှ ဟု လွဲမှားသော ဘာသာပြန်များလည်း များစွာ ရှိပေသည်။ ဤသုတ်တော်တွင် ငါးကြီးဝမ်းတွင်းမှ ဟူသော ဝေါဟာရ စကားလုံး လုံး၀ မပါရှိပေ။

| | |
|---|---|
| ၈၈။ | **فَاسْتَجَبْنَا لَهُ وَنَجَّيْنَاهُ مِنَ الْغَمِّ وَكَذَٰلِكَ نُنجِي الْمُؤْمِنِينَ۝** <br> သို့ဖြင့် ငါသည် သူ့အား အလိုတူခဲ့၍၊ သူ့အား ဘေးဘယာမှ ကယ်နှုတ်ခဲ့၏။ ဤသို့ ငါသည် ယုံကြည်သူတို့ ကယ်နှုတ်တော်မူ၏။ |
| ၈၉။ | **وَزَكَرِيَّا إِذْ نَادَىٰ رَبَّهُ رَبِّ لَا تَذَرْنِي فَرْدًا وَأَنتَ خَيْرُ الْوَارِثِينَ۝** <br> ဇက္ကရီယာက သူ့ကံကြမ္မာရှင်အား "အို ကံကြမ္မာရှင် တပည့်တော်အား ထီးထီးကြီး ချန်မထားပါနှင့်။ အရှင်သည် အကောင်းမြတ်ဆုံး အမွေစားအမွေခံ ဖြစ်တော်မူပါ၏၊"ဟု ဆုတောင်းသော်။ |
| ၉၀။ | **فَاسْتَجَبْنَا لَهُ وَوَهَبْنَا لَهُ يَحْيَىٰ وَأَصْلَحْنَا لَهُ زَوْجَهُ إِنَّهُمْ كَانُوا يُسَارِعُونَ فِي الْخَيْرَاتِ وَيَدْعُونَنَا رَغَبًا وَرَهَبًا وَكَانُوا لَنَا خَاشِعِينَ۝** <br> ငါသည် သူ့အား အလိုတူခဲ့၍၊ ယာဟ်ယာအား ပေးအပ်ခဲ့၏။ သူ့ဇနီးအား ထိုအတွက် ပြုပြင်ပေး၏။ သူတို့သည် ကောင်းမှု၌ အပြိုင်အဆိုင် ရှိကြ၏။ ငါ့ထံ၌ မျှော်ကိုးခြင်း ရိုကျိုးခြင်းဖြင့် ဆုတောင်းကြ၏။ ငါ့ထံ၌ ကြောက်ရွံ့တုန်လှုပ်မှု ရှိကြ၏။ |
| ၉၁။ | **وَالَّتِي أَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيهَا مِن رُّوحِنَا وَجَعَلْنَاهَا وَابْنَهَا آيَةً لِّلْعَالَمِينَ۝** <br> ကိုယ်အင်္ဂါအား ကာမစည်းစောင့်သော သူမ၊ သူမထံသို့ ငါ၏ ဉာဏ်စဉ်ကို သက်ဝင်စေ၏။ ထို့ပြင် သူမနှင့် သူမ၏သား ကို လောကခပ်သိမ်းအတွက် နိမိတ်လက္ခဏာ အဖြစ် ငါ စီမံတော်မူ၏။[၇၂၀] |
| ၉၂။ | **إِنَّ هَٰذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاعْبُدُونِ۝** <br> ကေန်ပင် သင်တို့၏ အသိုင်းအဝိုင်းသည် တစ်ခုတည်းသော အသိုင်းအဝိုင်း ဖြစ်၏။ ငါသည် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏၊ ငါ့ကိုသာလျှင် ကိုးကွယ်ဆည်းကပ်ကြလော့။ |
| ၉၃။ | **وَتَقَطَّعُوا أَمْرَهُم بَيْنَهُمْ كُلٌّ إِلَيْنَا رَاجِعُونَ۝** <br> သူတို့သည် သူတို့ချင်းကြား အစီအမံများကို ဖြတ်တောက်ကြ၏။ အားလုံးကိုယ်စီ ငါ့ထံသို့သာ ဦးလှည့်ပြန်ခဲ့ရမည်ပင်။ |
| ၉၄။ | **فَمَن يَعْمَلْ مِنَ الصَّالِحَاتِ وَهُوَ مُؤْمِنٌ فَلَا كُفْرَانَ لِسَعْيِهِ وَإِنَّا لَهُ كَاتِبُونَ۝** <br> ပြုပြင်ပြောင်းလဲမှုမှ ကျင့်ကြံသူ၊ ထိုသူသည် ယုံကြည်သူ ဖြစ်အံ့၊ သူ၏ စိုက်အားကို ဖုံးကွယ်ပစ်မည် မဟုတ်ချေ။ ကေန်ပင် ငါသည် သူ့အတွက် မှတ်တမ်းတင်နေတော်မူ၏။ |

---

(၇၂၀) ဤသုတ်တော်မှ **أَحْصَنَتْ فَرْجَهَا အဟ်ဆွနတ် ဖရ်ဂျဟာ** အား အပျိုစင်ဟု ဘာသာပြန်ခြင်း။ **رُّوحٍ ရူးဟ်**အား ကောင်းကန်တမန်တော်ဟု ဘာသာပြန်ခြင်း။ **فِيهَا ဖီးဟာ** အား သူမ၏ ဝမ်းကြာတိုက်–သားအိမ်ထဲဟု ဘာသာပြန်ခြင်းများမှာ လုံးဝ မှားယွင်းပေသည်။ အာရ်ဗီစာ တတ်သူများ အနေဖြင့် ဘက်မလိုက်ဘဲ စာလုံး၏ အဓိပ္ပါယ် အမှန်ကို ဖော်ထုတ်သင့်ပေသည်။ **အဟ်ဆွနတ်** အနက်သည် အပျိုစင်ဟု လုံးဝမပေးပေ။ ထိုစကား လုံးကို ၄း၂၄ တွင် **مُحْصَنَاتٍ မုဟ်ဆွနားတင်** ကာမပိုင်ပြုသည့် ထိမ်းမြားလက်ထပ်သည်၊ **الْمُحْصَنَاتِ မုဟ်ဆွနားတိ** အချုပ်အနှောင်မဲ့ လွတ်လပ်စွာ ထိမ်းမြားခြင်း ပြုနိုင်သော သူမများ ဟု လည်းကောင်း။ ၅း၅ တွင်လည်း ကာမစည်းစောင့် ပေါင်းဖက်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်းကို **مُحْصِنِينَ** ဟု သုံးပေသည်။ ဤစကားလုံးအား ကျမ်းတော်တွင် ဖော်ပြလေသမျှသော နေရာတိုင်း၌ လက်ထပ်ခြင်း။ ထိမ်းမြားခြင်း။ လင်ကွာ မိန်းမ စသော ကာမ ပေါင်းသင်းမှုနှင့် သက်ဆိုင်နေပြီး၊ မာရိ (မာရ်ယံ)နှင့် ပတ်သက်သော နေရာ ဤသုတ်တော်နှင့် ၆၆း၁၂– (၂)နေရာတွင်မှ ကာမပေါင်းဖက်ခြင်းနှင့် လုံးဝမသက်ဆိုင်ဟု ကောက်ယူမှု၊ ပြန်ဆိုမှုမှာ ခရစ်ယာန်တို့ဆီမှ ကြားဖူးနားဝများကို ကျမ်းတော်ထဲသို့ သွပ်သွင်းခြင်းသာ ဖြစ်ပေသည်။ ထိုစကား လုံးနှင့် တွဲထားသော **"ဖိုရူးဂျ်"** အနက်ကိုလည်း ၂၃း၅ တွင် ကြည့်ပါ၊ အပျိုစင်ဟု မဟုတ်ချေ။ ဖေါက်ပြန်ခြင်း မရှိသော အမျိုး သမီးများကိုသာ သုံး ပေသည်။ **ရူးဟ်** ၏ အနက်ကို ၂း၈၇ အောက်အခြေတွင် ကြည့်ပါ။ **ဖီးဟာ** ဆိုသည်မှာ သူမအပေါ်သို့၊ သူမနှင့်သက်ဆိုင်သော ခန္ဓာကိုယ်၊ ရုပ်နာမ် အားလုံးအတွင်းသို့ ဟုသာ ဖြစ်ပေသည်။ ဝမ်းကြာတိုက် သားအိမ် တစ်ခုတည်း အတွက် မဟုတ်ချေ။ မည်သူမဆို ကြင်ယာ ကြင်ဘက်မရှိဘဲ ကလေးမရရှိနိုင် ဟူသည့် နိယာမ ၆း၁၀၁ ကို ကျော်လွှန်၍ မရပေ။ အပျိုစင် ဆိုသော စကားကို **"အာ့ဘ်ကားရမ်"** ဟုခေါ်သည် ၆၆း၅။ ၅၆း၃၆။ ကျမ်းတော်တွင် မာရိ ကို အပျိုစင်ဟု လုံးဝ ပြောထားခြင်း မရှိချေ။

| | |
|---|---|
| ၉၅။<br>★<br>၁၈း၉၄ | **وَحَرَامٌ عَلَى قَرْيَةٍ أَهْلَكْنَاهَا أَنَّهُمْ لَا يَرْجِعُونَ۝**<br>ငါက တိမ်ကောလိုက်စေသော အရပ်ဒေသ ပေါ်၌ တရားမဝင်ပြဌာန်းမှု ရှိ၏။ သူတို့သည် ဦးလှည့်ကြမည် မဟုတ်ချေ။★ |
| ၉၆။ | **حَتَّى إِذَا فُتِحَتْ يَأْجُوجُ وَمَأْجُوجُ وَهُم مِّن كُلِّ حَدَبٍ يَنسِلُونَ۝**<br>ဂေါဂနှင့် မာဂေါဂတို့အား ထွက်ပေါ်လာစေသည့်တိုင် ဖြစ်၏။[၇၂၁] သူတို့သည် အသာစီးနေရာ ကိုယ်စီမှ ဖြစ်ကြ၏။ |
| ၉၇။ | **وَاقْتَرَبَ الْوَعْدُ الْحَقُّ فَإِذَا هِيَ شَاخِصَةٌ أَبْصَارُ الَّذِينَ كَفَرُوا يَا وَيْلَنَا قَدْ كُنَّا فِي غَفْلَةٍ مِّنْ هَذَا بَلْ كُنَّا ظَالِمِينَ۝**<br>ပရမတ္ထ ကတိသစ္စာသည် ချဉ်းကပ်လာနေ၏။ ထိုစဉ် ဖုံးကွယ်သူတို့၏ အမြင်မှာ ကြောင်တောင်ကန်း ဖြစ်နေ၍၊ "ကျွန်ုပ်တို့ ပျက်စီးရလေပြီ၊ ကျွန်ုပ်တို့သည် ဤ၌ မုချ မေ့လျော့မှု ရှိခဲ့ပြီ၊ အမှန်မှာ ကျွန်ုပ်တို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။"(ဟု ခံစားကြ၏) |
| ၉၈။ | **إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ اللَّهِ حَصَبُ جَهَنَّمَ أَنتُمْ لَهَا وَارِدُونَ۝**<br>ဧကန်ပင် သင်တို့နှင့်၊ ပရမတ်ဘုရားရှင်အား တုပြိုင်လျက် သင်တို့ကိုးကွယ်ခဲ့သော အရာများသည် ငရဲ၏ အဖေါ်များပင် ဖြစ်၏။ သင်တို့သည် ထိုသို့ လားရမည်ပင်။ |
| ၉၉။ | **لَوْ كَانَ هَؤُلَاءِ آلِهَةً مَّا وَرَدُوهَا وَكُلٌّ فِيهَا خَالِدُونَ۝**<br>၎င်းတို့သာ ဘုရားများ ဖြစ်ကြလျှင်၊ ထိုသို့ လားရမည် မဟုတ်ချေ။ အားလုံးကိုယ်စီ ထို၌ ကာလမဲ့ နေရလတ္တံ့။[၇၂၂] |
| ၁၀၀။ | **لَهُمْ فِيهَا زَفِيرٌ وَهُمْ فِيهَا لَا يَسْمَعُونَ۝**<br>သူတို့အတို့ ထို၌ ငိုကြွေးရခြင်း။ သူတို့အတို့ ထို၌ ကြားနာမှုကင်းမဲ့ခြင်းသာ ရှိ၏။ |
| ၁၀၁။<br>ငရဲမှ | **إِنَّ الَّذِينَ سَبَقَتْ لَهُم مِّنَّا الْحُسْنَى أُوْلَئِكَ عَنْهَا مُبْعَدُونَ۝**<br>ငါ့ထံမှ ကောင်းမွန်စေခြင်းကို သူတို့အတွက် ပြဌာန်းပြီးသော်။ ထိုသူတို့သည် **၎င်းမှ** ကင်းကွာစေပြီး ဖြစ်လတ္တံ့။ |
| ၁၀၂။ | **لَا يَسْمَعُونَ حَسِيسَهَا وَهُمْ فِي مَا اشْتَهَتْ أَنفُسُهُمْ خَالِدُونَ۝**<br>၎င်းမှ မြည်တမ်းသံကို ကြားရမည်မဟုတ်၊ ထို၌ သူတို့၏ စိတ်ဉာဉ်တို့ ပျော်မွေ့စွာ ကာလမဲ့ စံစားရလတ္တံ့။ |

---

(၇၂၁) ကမ္ဘာပျက်ချိန်နီးတွင် မြေကမ္ဘာထဲမှ ဂေါဂ၊ မာဂေါဂ (ဟာဂျူးနှင့် မာဂျူး) တို့ထွက်လာမည်။ ထိုသို့ထွက်လာသည့် အချိန်မတိုင်မီအထိ တိမ်ကောပျက်စီးခြင်းသင့်သော မြို့ရွာများမှ မြို့ပျက်ခြင်းနှင့်အတူ သေသွားရသူတို့မှာ ပြန်၍ ထွက်လာဦးမည်မဟုတ်၊ ထို ဂေါဂ၊ မာဂေါဂ တို့ ထွက်လာပြီးနောက်မှ သူတို့သည် ထွက်လာနိုင်ကြမည် ဟူသည့် ပုံပြင်ကို ဤသုတ်တော်များမှ ကိုယ်စား မပြုချေ။ ဤမွေခန္ဓာ (စူရာဟ်) သည် သတင်းတော်ဆောင်များ၏ အကြောင်းကို သက်ဆိုင် ဆက်စပ်သလို မိတ်ဆက် တင်ပြနေသော ကဏ္ဍဖြစ်ပေသည်။ ဤသမိုင်းကြောင်းသည် သူကာနိုင် (ကာနိုင်မင်း)၏ သမိုင်းကို ပြန်တင်ပြခြင်း ဖြစ်ပေသည်။ မင်းကြီးသည် ဂေါဂနှင့် မာဂေါဂတို့၏ ရန်ကို ကြောက်နေသော လူမျိုးထံသို့ ရောက်ခဲ့သည်၊ ၁၈း၉၄။ ထို့နောက် ထိုမြို့ရွာသားတို့အား ဂေါဂနှင့် မာဂေါဂတို့၏ ရန်မှ ကင်းရန် အကာအကွယ်ပေးခဲ့သည်။ ထိုသို့ဘေးကင်းလျှက် ကောင်းစားသွားသော အခါ– အရပ်ဒေသသားတို့သည် မဟာလူမျိုးကြီးစိတ်ဝင်ကာ တရားတော်၌ မေ့လျော့ကြကုန်၏။ သို့ဖြင့် ဂေါဂ–မာဂေါဂ လူမျိုးသည် သူတို့၏ အကွယ်အကာကို ဖေါက်ဖျက်ဝင်ရောက်လာနိုင်ခဲ့ကာ သူတို့အား နှိမ်နင်းအောင်မြင်ပြန်၏ ဆိုသော သမိုင်းကို တင်ပြခြင်းသာ ဖြစ်ပေသည်။ ၎င်းကို ၁၈း၉၈ တွင် ကတိတော်စေ့ရောက်သော်။ အကာအကွယ် တံတိုင်း ပြိုပျက်မည့် အကြောင်း။ ၁၈း၉၉ တွင် စစ်တပ်ကြီးဖြင့် ဝင်ရောက်လာမည့်အကြောင်း၊ ၂၁း၉၇ တွင် ထိုအရပ်သားတို့ တရားတော်၊ ကတိသစ္စာတော်ကို မေ့လျော့ခဲ့ကြောင်း– ဝန်ခံသည့် အကြောင်းများကို ဖေါ်ပြထားပေသည်။ ထိုအချိန်ကာလသည် ထိုသူတို့အတွက် ကမ္ဘာပျက်သကဲ့သို့ ခံစားရနိုင်ဘွယ်ရှိသော်လည်း– အမှန်တကယ် ကမ္ဘာဂြိုလ် ကြီး တစ်ခုလုံး ပျက်သုဉ်းချုပ်ငြိမ်းရခြင်းဖြင့် လုံးဝ မသက်ဆိုပေ။

(၇၂၂) ဤဝါကျသည် သင်တို့ကိုးကွယ်သော အရာများမှာ ဘုရားအစစ်များ မဟုတ်ခဲ့၍သာ သင်တို့နှင့် သူတို့သည် ငရဲသို့ (အတိဒုက္ခတွင်းသို့) လားရခြင်း ဖြစ်သည်ဟု ဆိုလိုပေသည်။

| | |
|---|---|
| ၁၀၃။<br><br>☆၂း၃၀<br>၁၃း၂၃ | **لَا يَحْزُنُهُمُ الْفَزَعُ الْأَكْبَرُ وَتَتَلَقَّاهُمُ الْمَلَائِكَةُ هَذَا يَوْمُكُمُ الَّذِي كُنتُمْ تُوعَدُونَ۞**<br>ကြီးမားသော ကြောက်လန့်ဘွယ်သည်ပင် သူတို့အား သောကဖြစ်ရမည်မဟုတ်၊ နိမိတ်ဆောင်တို့က☆ “ဤသည် သင်တို့အား ကတိပေးထားတော်မူသည့် သင်တို့၏ နေ့ကာလပင် ဖြစ်၏၊”ဟု တွေ့ဆုံနှုတ်ဆက်လတ္တံ့။ |
| ၁၀၄။ | **يَوْمَ نَطْوِي السَّمَاء كَطَيِّ السِّجِلِّ لِلْكُتُبِ كَمَا بَدَأْنَا أَوَّلَ خَلْقٍ نُّعِيدُهُ وَعْدًا عَلَيْنَا إِنَّا كُنَّا فَاعِلِينَ۞**<br>ရေးမှတ်သော စာပေလိပ်အား လိပ်ခေါက်သကဲ့သို့ ကောင်းကင်ယံအား လိပ်ခေါက်သော နေ့ကာလ၌ ငါသည် အဦး အစ ပထမ ဖြစ်တည်စေကဲ့သို့ ၎င်းအား ဆက်လက်ဖြစ်စေမည်ပင်။ ကတိကဝတ်သည် ငါ့အတွက် တည်၏။ ကေန်ပင် ငါအရှင်သည် ပြုလုပ်စီရင်တော်မူပေ၏။[၇၂၃] |
| ၁၀၅။<br><br>စာအုပ် | **وَلَقَدْ كَتَبْنَا فِي الزَّبُورِ مِن بَعْدِ الذِّكْرِ أَنَّ الْأَرْضَ يَرِثُهَا عِبَادِيَ الصَّالِحُونَ۞**<br>ငါ့အား ကိုးကွယ်သည့် ပြုပြင်ပြောင်းလဲသူတို့သည် မြေကမ္ဘာအား အမွေရလိမ့်မည်ဟု သတိပေးပေးပြီးနောက်–ငါသည် **ကဗ္ဗူရထဲ**၌ မုချ ရေးမှတ်ထားတော်မူ၏။ |
| ၁၀၆။ | **إِنَّ فِي هَذَا لَبَلَاغًا لِّقَوْمٍ عَابِدِينَ۞**<br>ကေန်ပင် ဤအထဲ၌ ကိုးကွယ်ဆည်းကပ်သော လူမျိုးအတွက် ရင့်သန်စေရာ ရှိ၏။ |
| ၁၀၇။ | **وَمَا أَرْسَلْنَاكَ إِلَّا رَحْمَةً لِّلْعَالَمِينَ۞**<br>ငါသည် သင့်အား လောကခပ်သိမ်းအတွက် ကရုဏာ အဖြစ်သာ စေစားတော်မူ၏။[၇၂၄] |
| ၁၀၈။ | **قُلْ إِنَّمَا يُوحَى إِلَيَّ أَنَّمَا إِلَهُكُمْ إِلَهٌ وَاحِدٌ فَهَلْ أَنتُم مُّسْلِمُونَ۞**<br>ဟောလော့ “ကျွန်ုပ်အား အာရုံစျာန်ကိန်းဝပ်စေသည်မှာ သင်တို့၏ ဘုရားရှင်သည် တစ်ဆူတည်းသော ဘုရားရှင် ဖြစ်၏၊ သင်တို့သည် ငြိမ်းချမ်းရေးဆောင်သူများ ဖြစ်ကြမည် မဟုတ်လော။” |
| ၁၀၉။ | **فَإِن تَوَلَّوْا فَقُلْ آذَنتُكُمْ عَلَى سَوَاء وَإِنْ أَدْرِي أَقَرِيبٌ أَم بَعِيدٌ مَّا تُوعَدُونَ۞**<br>သူတို့ လှည့်သွားကြလျှင် “သင်တို့အား ကတိထားရာသည် နီး၏ ဝေး၏ ကို ကျွန်ုပ် မကြံဆနိုင်သော်လည်း၊ ကျွန်ုပ် သည် သင်တို့အား ပေါ်ပေါ်လွှင်လွှင် သတိပေါ်ပြီးလေပြီ၊”ဟု ဟောကြားလော့။ |
| ၁၁၀။ | **إِنَّهُ يَعْلَمُ الْجَهْرَ مِنَ الْقَوْلِ وَيَعْلَمُ مَا تَكْتُمُونَ۞**<br>ကေန်ပင် အရှင်သည် ဖွင့်ဟဝန်ခံပြောဆိုရာကို သိနေတော်မူ၏။ ထိန်ဝှက်မြိုသိပ်ထားရာကိုလည်း သိနေတော်မူ၏။ |
| ၁၁၁။ | **وَإِنْ أَدْرِي لَعَلَّهُ فِتْنَةٌ لَّكُمْ وَمَتَاعٌ إِلَى حِينٍ۞**<br>သင်တို့အတွက် ကြပ်တည်းနိုင်ကောင်းသည်၊ ခဏယာယီ ချောင်လည်နိုင်ကောင်းကို ကျွန်ုပ် မကြံဆတတ်ချေ။ |
| ၁၁၂။ | **قَالَ رَبِّ احْكُم بِالْحَقِّ وَرَبُّنَا الرَّحْمَنُ الْمُسْتَعَانُ عَلَى مَا تَصِفُونَ۞**<br>“အို ကံကြမ္မာရှင်၊ အဆုံးအဖြတ်တော်သည် အမှန်သစ္စာဖြစ်၏။ တပည့်တော်တို့၏ ကံကြမ္မာရှင်သည် ကရုဏာရှင် ဖြစ်ပါ၏၊ သင်တို့၏ စွပ်စွဲမှုများကင်းရန် အရှင့်ထံမှ အစောင်အမကိုတောင်းခံပါ၏၊”ဟု ပြောလော့။ |

(၇၂၃) ကျမ်းတော်တွင် ကမ္ဘာတစ်ခုပျက်သည်။ ကောင်းကင်တစ်ခု ပျက်သည်ဟု ပြောဆိုတိုင်းတွင် ထိုပျက်သွားသော ကမ္ဘာ၊ အယူအဆ၊ လူနေမှု စရိုက်၊ ထုံးတမ်းဓလေ့တိုင်း အတွက် နောက်တစ်ခုကို အစားထိုးတော်မူမည်ဟု အမြဲတမ်းတင်ပြပေသည်။ ထိုကြောင့် ကျမ်းတော်မှ ဆိုသော ကမ္ဘာ ပျက်ခြင်း သဘောတရားကို ဒဏ္ဍာရီဆန်ဆန် နားလည် မထားသင့်ချေ။ ၁၄း၄၈။ ၁၅း၁၅ တို့တွင် ကြည့်ပါ။
(၇၂၄) ဤသုတ်တော်က ကိုယ်တော်မုဟမ္မဒ်သည် ကျွန်ုပ်တို့ မျှော်လင့်စောင့်စားနေသော မေတ္တာတော်ရှင် ဖြစ်ကြောင်းကို အတိအကျ ကြေငြာ ထားပေသည်။ ၄၇း၂ တွင် ကြည့်ပါ။